မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၃၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ မေ ၂၉ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်အာဖရိကနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တောင်အာဖရိကသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျေကော့ဘ် ဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နှစ်နိုင်ငံအစိုးရချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဦးစီးချုပ် General Shigeru IWASAKI ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက်သာမက ပူးပေါင်းဆောင်ရွက်မှုအတွက် ဂျပန်နိုင်ငံက နည်းပညာများ၊ ထောက်ပံ့ငွေနှင့် ချေးငွေများ ကူညီပံ့ပိုးပေးနေမှုများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်စစ်ဦးစီးချုပ်ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Tateshi HIGUCHI လည်း တက်ရောက်သည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ကြည့်ခွင့်လက်မှတ်များ စာ » ၅

မီတာများနှင့်ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ မြန်ဆန်စွာတပ်ဆင်နိုင်ရန် ပြေလျှော့ဆောင်ရွက်ပေး စာ » ၈

ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်းတွင် ရပ်စခန်းတစ်ခု တိုးချဲ့ဖွင့် စာ » ၁၆

ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ရိုက်လေကြောင်းခရီးစဉ်များ စတင်ပြေးဆွဲနိုင်ရန် သဘောတူညီမှုရရှိ

သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-မေဦးမိုး

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံမှ ဖိလစ်ပိုင်နိုင်ငံသို့ တိုက်ရိုက်လေကြောင်းပြေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံအစိုးရအကြား သဘောတူညီမှုစာချုပ်များ ချုပ်ဆိုပြီးဖြစ်၍ ယခုနှစ်အတွင်းမှာပင် စတင်ပျံသန်းပြေးဆွဲသွားနိုင်တော့မည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံမှလေကြောင်းလိုင်းများဖြင့် တိုက်ရိုက်သွားရောက်ရန်အတွက် *စာမျက်နှာ ၈ ကော်လံ ၅* ✳

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သြဂဲနစ်ထုတ်ကုန်

ဓာတုဆေးဝါးအသုံးပြုထုတ်လုပ်သော စိုက်ပျိုးရေးထုတ်ကုန်များသည် ဘေးထွက်ဆိုးကျိုးများ ခံစားလာရသည်နှင့်အမျှ ဓာတုဆေးလုံးဝမသုံးဘဲ သဘာဝမြေသြဇာသက်သက်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သြဂဲနစ်ထုတ်ကုန်သစ်သီးဝလံများကို ဈေးကြီးကြီးပေးဝယ်ယူစားသုံးလာကြသည်။

သြဂဲနစ်စိုက်ပျိုးရေးဇုန်တည်ထောင်၍ သီးနှံများစိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သြဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ်လိုသည့် လုပ်ငန်းရှင်များနှင့် ငွေကြေးအရင်းအနှီး၊ သီးနှံစိုက်ပျိုးရန်အတွက် မြေလွတ်မြေရိုင်း၊ သြဂဲနစ်သီးနှံစားသုံးလိုသည့်ပြည်သူများ၊ ရောင်းချနိုင်မည့်ဈေးကွက် ဖော်ဆောင်နိုင်မှုအပါအဝင် နိုင်ငံတကာအသိအမှတ်ပြုစစ်ဆေးရေးအဖွဲ့များနှင့် သြဂဲနစ်သီးနှံအသိအမှတ်ပြုလက်မှတ်ထုတ်ပေးသောအဖွဲ့အစည်းများ လိုအပ်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် သြဂဲနစ်နည်းပညာအသုံးပြု၍ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးထုတ်လုပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သြဂဲနစ်ဇုန်တစ်ခုတည်ထောင်ရန်အတွက်သမားရိုးကျစိုက်ပျိုးရေးစနစ်မှ သြဂဲနစ်စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာတွင် အသွင်ကူးပြောင်းချိန်ကာလအားဖြင့် ရာသီသီးနှံများတွင် နှစ်နှစ်နှင့်နှစ်ရှည်သီးနှံများအတွက် သုံးနှစ်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ သြဂဲနစ်သီးနှံများ စိုက်ပျိုးရာတွင် မြေဧရိယာတစ်ခုအတွင်း သြဂဲနစ်စိုက်စနစ်တစ်ခုတည်းကိုသာ စဉ်ဆက်မပြတ်စိုက်ပျိုးရမည်ဖြစ်ပါသည်။

သြဂဲနစ်ဇုန်သတ်မှတ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များမှာ သြဂဲနစ်ဇုန်တည်ထောင်ရန်အသုံးပြုမည့် မျိုးစေ့နှင့်မျိုးပွားအစိတ်အပိုင်းများသည် မူလသြဂဲနစ် စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးထားသောအရင်းအမြစ်များမှ ရယူရန်လိုအပ်ခြင်း၊ မြေဆီသြဇာထက်သန်စေရန် မြေဆီလွှာပြုပြင်ရာတွင် ထည့်သွင်းအသုံးပြုမည့်ပစ္စည်းများ၊ အပင်နှင့် တိရစ္ဆာန်တို့၏ အကြွင်းအကျန်များ၊ အဏုဇီဝသက်ရှိများနှင့် သစ်စိမ်းမြေသြဇာများအသုံးပြုရန်လိုအပ်ခြင်း၊ သို့ရာတွင် ဗီဇပြုပြင်ထားသော စိုက်ခင်းမှ ဘေးထွက်ပစ္စည်းများ၊ စက်ရုံများမှ ဘေးထွက်ပစ္စည်းများနှင့် ဓာတုပစ္စည်းများအသုံးပြုထားသည့် သစ်တောထွက်ပစ္စည်းများ ထည့်သွင်းအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်ခြင်းစသည်တို့ဖြစ်ပါသည်။ အရေးကြီးဆုံးမှာ ဓာတုပိုးသတ်ဆေးများလုံးဝမသုံးဘဲ စိုက်ပျိုးရန်ဖြစ်ပါသည်။

ထွက်ရှိလာသော သြဂဲနစ်ထုတ်ကုန်များကို ဈေးကွက်သို့တင်ပို့ရောင်းချရာတွင်လည်း သြဂဲနစ်ထုပ်ပိုးပစ္စည်းများဖြင့်သာ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ ဤကဲ့သို့ စံချိန်စံညွှန်းများနှင့် ၇၅ ရာခိုင်နှုန်းကိုက်ညီမှုရှိပါက သြဂဲနစ်ကူးပြောင်းဆဲ ထုတ်ကုန်အဖြစ် အမှတ်တံဆိပ်ကပ်၍ ရောင်းချနိုင်ပြီး အနည်းဆုံး စံချိန်စံညွှန်း ၉၅ ရာခိုင်နှုန်းကိုက်ညီမှုရှိမှသာ သြဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်အမှတ်တံဆိပ်ဖြင့် ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနိုင်ကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် သြဂဲနစ်စိုက်ပျိုးရေးဇုန်များ ထူထောင်ပြီး မြန်မာ့သစ်သီးဝလံတင်ပို့မှုဈေးကွက်ချဲ့ထွင်နိုင်ရေး သြဂဲနစ်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးထုတ်လုပ်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုစီမံကိန်း စိစစ်ခြင်း စွမ်းရည်မြှင့်တင်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပူးပေါင်းကျင်းပသည့် Workshop on project appraisal capacity building for public investment ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တက်ရောက်အဖွင့်အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစီမံကိန်းများကို အဆိုပြုတင်ပြသည့်အဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည်အထိ စိစစ်ခြင်း၊ သုံးသပ်တင်ပြခြင်းများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်ဖို့လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို စိစစ်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြန်ရနှုန်း၊ အရင်းကျေကာလစသည်တို့ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုကို စိစစ်ရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါကလည်း အကျိုးရှိ/မရှိ ပြန်လည်စိစစ်သုံးသပ်ရမည်ဖြစ်ကြောင်း၊ ယနေ့သင်တန်းမှာ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်း၍ စီမံကိန်းစိစစ်ခြင်းစွမ်းရည်မြှင့်တင်ခြင်းအား ဆွေးနွေးခြင်းပုံစံဖြင့် ပြုလုပ်သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းတွင် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှ ကျွမ်းကျင်သူက စီမံကိန်းစီမံချက်ကို စတင်စဉ်းစားခြင်းအဆင့်မှ အကောင်အထည်ဖော်ပြီးသည့်အဆင့်အထိ လုပ်ငန်းစဉ်(၇) ဆင့်ကို ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုရှိခြင်း၊ သဘာဝအရင်းအမြစ်ပေါကြွယ်ဝခြင်း၊ အလုပ်လုပ်နိုင်သည့် လူအင်အားနှင့် လုပ်သားဈေးကွက်ပေါများခြင်း၊ တည်နေရာပထဝီအနေအထားအရ အချက်အချာကျခြင်းစသည့်အခြေခံကောင်းများရှိသည့်အတွက် နိုင်ငံပေါင်းစုံမှ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ပရောဂျက်များကို စနစ်တကျ၊ နိုင်ငံတကာအဆင့်မီ စိတ်ချရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်သူ Mr.Roger Adrian Collier က သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်နှင့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာစန်းလွင်၊ ဒေါ်လဲ့လဲ့သိန်းနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန ၁၀ ခုမှ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာပြုပြင်စရာ

အမိုးမလုံအကာမလုံစာသင်ကျောင်းဆောင်ငယ်ကို အချိန်မီပြုပြင်ပေးစေလို

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်မွန်းကျေးရွာအုပ်စု အင်းသာရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ သူငယ်တန်းစာသင်ကျောင်းဆောင်ငယ်ကို ကျောင်းဖွင့်ချိန် အချိန်မီပြုပြင်တည်ဆောက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ စာသင်ကျောင်းဆောင်မှာ ကျောင်းအင်္ဂါရပ်နှင့်အညီအသစ်တည်ဆောက်ရန် လိုအပ်ကြောင်း၊ တိုးတက်လာသောကျောင်းသားဦးရေကြောင့် မူလလက်ရှိကျောင်းဆောင်မှာ ယခုအခါ မိုးဒဏ်လေဒဏ်ကြောင့် အမိုး၊ အကာများတစ်စတစ်စပျက်စီးယိုယွင်းလာသောကြောင့် အသစ်တည်ဆောက်ပြုပြင်ပေးရန် လိုအပ်လျက်ရှိကြောင်း၊ ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်ဒေသခံကျောင်းအကျိုးတော်ဆောင်ကော်မတီများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ အမိုးအကာအောက်တွင် မိုးလုံ၊ လေလုံအေးချမ်းသာယာစွာ ပညာသင်ကြားနိုင်ရန် ကျောင်းဖွင့်ချိန်အမီဆောက်လုပ်ပေးစေလိုကြောင်း ဒေသခံကျောင်းသား မိဘများထံမှ ကြားသိရသည်။

(၁၄၉)

(၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

နောင်ချို မေ ၂၈

(၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့ဈေးရပ်ကွက် မြို့နယ်ဓမ္မာရုံ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့တွင်း မန္တလေး-လားရှိုးကားလမ်း မြို့မဈေးတစ်ပတ်ပဋ္ဌာန်းပစ္စည်းများဖြင့် လှည့်လည်ကြသည်။ ဆက်လက်၍ (၂၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မြို့ပေါ်၊ မြို့နယ်ကျောင်းတိုက်များမှ ဆရာတော်သံဃာတော် စုစုပေါင်း အပါး ၆၀ တို့က မေ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် နာရီပေါင်း ၁၂၀ မဟာပဋ္ဌာန်းများရွတ်ဖတ်ပူဇော်ကြရာ ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက ဆွမ်း၊ အချိုရည်များ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝ၆၁)

စာပေမြင့်မှ လူမျိုးတင့်မည်

iStock®
Galaxy Software Services Co., Ltd
Contact Us ...
Website : www.galaxy.com.mm

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2C/1970 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဦးအောင်နိုင်
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
FOR SERIES 4/2014
ကျောင်းအပ်လက်ခံပြီ
Ph 01-377 610, 09 730 99 752, 09 730 66 231, 09 515 1024

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP

ပြည်တွင်းသတင်းနှင့်လှုတ်ဖော်ရေးရာ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တောင်အာဖရိကနိုင်ငံဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခြင်းခံရသော မစ္စမေတေး အင်ကိုအာနား မာရှာဘာနေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ထိုသို့ ပြည်ပမှတင်သွင်းလာသောကားများသည် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၄ ခုနှစ် မေ ၂၄ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် ကားအစီးရေပေါင်းမှာ ၂၉၄၈၉၇ စင်းဖြစ်သည်။ ယင်းမော်တော်ယာဉ်များမှာ အကောက်ခွန်နှင့် ကုန်သွယ်ခွန်များစည်းကြပ်ပြီးထုတ်ယူခဲ့သည့် မော်တော်ယာဉ်များဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်များသည် ပြည်ပမှ တင်သွင်းရာတွင် နိုင်ငံတော်မှ ယာဉ်အိုယာဉ်ဟောင်းအစားထိုးစီမံချက်အရ တင်သွင်းခဲ့သော မော်တော်ယာဉ်များ၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းခဲ့သောကားများ၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းလာသောကားများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းလာသောကားများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းလာသောကားများ၊ စစ်သံအမှုထမ်းပါမစ်ဖြင့်တင်သွင်းလာသော ကားများနှင့် လွတ်လပ်စွာဝယ်ယူတင်သွင်းလာသောကားများ ဖြစ်သည်။

ထိုသို့ အမျိုးအစားများစွာ တင်သွင်းလာသော မော်တော်ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုးစီမံချက်ဖြင့် တင်သွင်းလာသောကားအစီးရေမှာ အများဆုံးဖြစ်ပြီး ၂၀၁၄ ခုနှစ် မေ ၂၄ ရက်အထိ ၈၆၇၁၂ စင်းရှိကြောင်း သိရသည်။ ဒုတိယတင်သွင်းမှုအများဆုံးမှာ ကားအရောင်းပြခန်းများအတွက်ဖြစ်ပြီး ယင်းကာလအတွင်း ၆၈၅၀၇ စီးဖြစ်သည်။

ထို့အပြင် လွတ်လပ်စွာဝယ်ယူတင်သွင်းလာသည့် မော်တော်ကားအစီးရေပေါင်းမှာ ၁၃၃၆၄၆ စင်းဖြစ်ပြီး တတိယအများဆုံးဖြစ်သည်။ ပြည်ပမှ မော်တော်ကားတင်သွင်းရာတွင် အစီးရေအနည်းဆုံးမှာ ပြည်ပအလုပ်လုပ်သူပါမစ်ဖြင့် တင်သွင်းသည့်ကားများဖြစ်ပြီး ယင်းကာလအတွင်း ကားအစီးရေ ၄၄ စင်းသာရှိခဲ့သည်။

စီးပွားရေးမြို့တော်ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိရာ အထူးသဖြင့် ရှစ်မိုင်လမ်းဆုံ၊ ချော်တွင်းကုန်းလမ်းဆုံ၊ မြေနီကုန်းလမ်းဆုံနှင့် တာမွေလမ်းဆုံတို့တွင် အဆိုးရွားဆုံးဖြစ်သည်။

(မြန်မာ့အလင်း)

❏ *ပြည်ထောင်စုလွှတ်တော်မှ*

ဆက်လက် ဆောင်ရွက်ရမည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများသည် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့အပါအဝင် မိမိတို့လွှတ်တော်အချင်းချင်း ပူးပေါင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ကြရာတွင်

ဒေါ်ခင်စောဦး
ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ

မိမိတို့ ကိုယ်စားလှယ်အချင်းချင်းဖြစ်စေ၊ အခြားသော မည်သည့်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ပြည်သူများနှင့်ဖြစ်စေ၊ မီဒီယာများနှင့်ဖြစ်စေ တွေ့ထိဆက်ဆံပြောဆိုလုပ်ဆောင်ကြရာတွင် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ကို စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းမှုရရှိရေးတို့သည်လည်း မဖြစ်မနေ ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းတိုင်းတွင် ယင်းအကြောင်းအရာများကို အလေးထားစဉ်းစားပြီး ဆက်လက်၍ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးမတိုင်မီ လွှတ်တော်အစည်းအဝေးများရပ်နားထားစဉ် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်ဆိုင်ရာ ပြည်ပခရီးစဉ်(၆)ခုကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက တင်သွင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သုံးသပ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **၂၀၁၄ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း**... **စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ကော်မတီ၏ အစီရင်ခံစာကို တင်သွင်းပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ လွှတ်တော်က မူလအတည်ပြုထားသည့်အတိုင်း ဆက်လက်အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် ၅၀၀ ဘီလီယံ ချေးယူလိုခြင်းကိစ္စ**နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြရာ လွှတ်တော်က အဆိုပါ ချေးငွေကျပ် ၅၀၀ ဘီလီယံ ချေးယူလိုခြင်းကိစ္စကို သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် **ပညာရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရန် ကိစ္စ**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန

ဒေါက်တာလင်းအောင်
ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အခြေခံပညာကျောင်းအဆင့်အထိ ဆောင်ရွက်ခွင့်ပေးသည့် စီမံကိန်းကို အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းတွင် ကျောင်းထောက်ပံ့ကြေးများ ချီးမြှင့်ရေးအစီအစဉ်၊ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ရေး စမ်းသပ်အစီအစဉ်နှင့် မူလတန်းအောက်အဆင့် ကလေးများ၏ စာဖတ်စွမ်းရည် စစ်ဆေးအကဲဖြတ်သည့် သုတေသနလုပ်ငန်းတို့ ပါဝင်ပါကြောင်း။

ကမ္ဘာ့ဘဏ်၏ IDA Credit အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် AusAID ၏ အကူအညီ Grant သန်း ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်မည့် ဘဏ္ဍာငွေသုံးစွဲမှုဆိုင်ရာလုပ်ငန်းများကို ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး အခြေခံပညာကျောင်းအဆင့်အထိ ဆောင်ရွက်ခွင့်ပေးသည့် စီမံကိန်းကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဆိုပါက အခြေခံပညာအဆင့်တွင် ကျောင်းနေအရွယ်ကလေးတိုင်း အရည်အသွေးရှိသည့် အခြေခံပညာရေးကို သင်ယူနိုင်ရန် အခွင့်အလမ်းများပိုမိုရရှိပြီး နိုင်ငံတော်အတွက်အရေးပါသည့် နိုင်ငံ့သားကောင်း လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကမ္ဘာ့ဘဏ်မှ ပညာရေးဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ချေးယူရန် ကိစ္စကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ဆောင်ရွက်

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အင်ကြင်းသပိုးကျေးရွာအုပ်စုအတွင်း အေးညိမ်းသာယာကျေးရွာ တစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် ရပ်ကွက်တစ်ရပ်ကွက် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို ဇွန် ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာနနှင့် လန်ဒန်တက္ကသိုလ်တို့ ပူးပေါင်းလျက် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဘာသာဗေဒအသင်းညီလာခံ ကျင်းပ

ရန်ကုန် မေ ၂၈

ပညာရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံ လန်ဒန်တက္ကသိုလ်တို့ ပူးပေါင်းလျက် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ ဘာသာဗေဒအသင်း ညီလာခံ (24th Meeting of the Southeast Asian Linguistics Society) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန (National Centre for English Language- NCEL) တွင် မေ ၂၇ ရက်မှ ၃၁ ရက်အထိကျင်းပလျက်ရှိသည်။

တင်ပြဆွေးနွေး

အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ ဘာသာဗေဒ သုတေသီပညာရှင် ၁၂၀ ဦးခန့်နှင့် မြန်မာပညာရှင် ၈၀ ဦးခန့် တက်ရောက်ကြပြီး အရှေ့တောင်အာရှ ဘာသာဗေဒဆိုင်ရာ စာတမ်းပေါင်း ၁၀၀ ကျော်ဖတ်ကြားကြသည်။ အဆိုပါ စာတမ်းများတွင် အရှေ့တောင်အာရှနိုင်ငံများ၏ ဘာသာစကားများ၊ မြန်မာ၊ မွန်၊ ခမာ၊ တိဗက်၊ ကရင်၊ ချင်း၊ Himalayan Languagesများ၏ သမိုင်းကြောင်း၊ ဝါကျဖွဲ့စည်းပုံ၊ အသံဖွဲ့စည်းပုံတို့ကို Socio- Linguistics နှင့် Historical Linguistics အမြင်တို့ဖြင့် တင်ပြခြင်း၊ အရှေ့တောင်အာရှ ဘာသာစကားမူဝါဒများကို ညှိနှိုင်းခြင်းတို့အပြင် ဘာသာစကားဆိုင်ရာ နောက်ဆုံးပေါ် ICT ပစ္စည်းများ၊ နည်းစနစ်များကို တင်ပြဆွေးနွေးကြသည်။

ကျေနပ်အားရ

အရှေ့တောင်အာရှ ဘာသာဗေဒ အသင်းညီလာခံကို နှစ်စဉ်အရှေ့တောင်အာရှနိုင်ငံများတွင် အလှည့်ကျကျင်းပလျက်ရှိပြီး နှစ်ပေါင်း ၃၀ ခန့်အကြာ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်များမှ ဘာသာဗေဒ (Linguistics)သင်ကြားသော ဆရာ၊ ဆရာမများအနေဖြင့် ဖြစ်ပေါ်တိုးတက်လျက်ရှိသော ဘာသာဗေဒဆိုင်ရာ ဗဟုသုတများ လေ့လာသိရှိခွင့်ရရှိကြသဖြင့် ကျေနပ်အားရ လျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆားလင်းကြီးမြို့နယ်ရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ် အက်စစ်စက်ရုံအတွက် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်များရရှိ

နေပြည်တော် မေ ၂၈

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာပါ အပိုဒ် ၈၂(က)၊ အပိုဒ်ခွဲ (၂၉)တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ် အက်စစ်စက်ရုံသည် အန္တရာယ်ရှိသော ဓာတုပစ္စည်းစက်ရုံ (Hazardous Chemical Plant) ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု ISO Certificates များ ရယူထားခြင်းမရှိသည့်အတွက် သက်ဆိုင်ရာစက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန်နှင့်နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ISO Certificates များရယူရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအတွက် ISO Certificates များရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအား ဘေးကင်းလုံခြုံမှုအစီအမံ (Safe and Sound Process and Safty Arrangement) များဖြင့် တည်ထောင်ခွင့်ပြုကြောင်း ၁၂-၇-၂၀၁၃ ရက်တွင် စက်မှုဝန်ကြီးဌာနက သဘောတူခွင့်ပြုခဲ့သည်။

ISO Certificates များရရှိရေးအတွက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သည် United Kingdom အခြေစိုက်၊ စင်ကာပူနိုင်ငံရုံးခွဲ၏ လက်အောက်ခံဖြစ်သော မြန်မာနိုင်ငံရှိ Guardian Independent Certification-GIC (Myanmar) Co., နှင့် ၈-၅-၂၀၁၃ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါကုမ္ပဏီမှအဖွဲ့ဝင် ငါးဦးသည် စက်ရုံသို့လာရောက်၍ ၁၃-၅- ၂၀၁၃ ရက်မှ ၁၇-၅-၂၀၁၃ ရက်အထိ သင်တန်းပို့ချခဲ့ပြီး ISO လက်မှတ် သုံးစောင်ရရှိရေးအတွက် ၁-၆-၂၀၁၃ ရက်အား Effective Date အဖြစ် စတင်သတ်မှတ်၍ ကြိုတင်ပြင်ဆင်မှုခြောက်လအဖြစ် လေ့လာဆောင်ရွက်ခဲ့သည်။

ကြိုတင်ပြင်ဆင်မှုကာလအတွင်း စာရွက်စာတမ်းများအား သတ်မှတ်ချက်နှင့်အညီ မှတ်တမ်းရေးသွင်းခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်သည့်အစီအမံများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ စက်ပိုင်းဆိုင်ရာများပြုပြင်ဆောင်ရွက်ခြင်း၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ ပစ္စည်းကိရိယာများ ဖြည့်ဆည်းခြင်း၊ မီးဘေးလုံခြုံရေးအတွက် ပိုမိုကောင်းမွန်သည့် အစီအမံများပြုလုပ်ခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် စွန့်ပစ်ရေများအား ဘေးအန္တရာယ်ကင်းရှင်းရေးစဉ်ဆက်မပြတ် ဂရုပြုဆောင်ရွက်ခြင်း၊ အဆောက်အအုံပိုင်းဆိုင်ရာများ ပြုပြင်မွမ်းမံခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုဆိုင်ရာလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်စေခဲ့သည်။

GIC Myanmar Co., မှ Training Manager ဦးဆောင်၍ ၂၉-၈-၂၀၁၃ ရက်မှ ၃၀-၈-၂၀၁၃ ရက်အထိ ပြန်လည်စစ်ဆေးခြင်းနှင့် ၁၆-၁၂-၂၀၁၃ ရက်မှ ၁၈-၁၂-၂၀၁၃ ရက်အထိ နောက်ဆုံးအဆင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ Final Audit အဖြစ် အစစ်ဆေးခံယူခြင်းကို ၈-၂-၂၀၁၄ ရက်တွင် GIC Myanmar Co., မှ ဌာနေကိုယ်စားလှယ် ဒေါက်တာတင်လတ်နှင့် United Kingdom အခြေစိုက်ရုံး၏ ကိုယ်စားလှယ် UAE (Dubai) မှ Country Manager Mr.Asher Bilal တို့က လာရောက်စစ်ဆေးခဲ့ပြီးလိုအပ်ချက်များအား သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ၁၀-၄-၂၀၁၄ ရက်တွင် အောက်ပါ ISO လက်မှတ်များအား ထုတ်ပြန်ပေးခဲ့သည်-

(၁) ISO 9001-2008 အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Quality Management System)

(၂) ISO 14001-2004 သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Environmental Management System)

(၃) OHSAS-18001 -2007 လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Occupational Health and Safety Management System)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံအတွက် နိုင်ငံတကာစံညွှန်းများနှင့် ကိုက်ညီသည့် ISO လက်မှတ်များရရှိပြီးဖြစ်သော်လည်း စက်ရုံလည်ပတ်နေစဉ်ကာလအတွင်း ပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မည့် အခြေအနေများအား လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီမှ အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ကမ္ဘာ့ဖလားပွဲ ဆန့်ကျင်ဆန္ဒပြသူများအား ဘရာဇီးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံး သုံး၍ဖြိုခွင်း

ဘရာဇီးလီးယား မေ ၂၈

ဘရာဇီးနိုင်ငံမြို့တော် ဘရာဇီးလီးယား၌ ရဲတပ်ဖွဲ့က ကမ္ဘာ့ဖလား ဆန့်ကျင်ဆန္ဒပြသူများနှင့် တိုင်းရင်းသား ဆန္ဒပြသူများအား မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွင်းခဲ့သည်။

ရာထောင်ချီသော ဆန္ဒပြသူများက ကမ္ဘာ့ဖလား ထားရှိရာ အမျိုးသားအားကစားကွင်းသို့ ချီတက်စဉ် လုံခြုံရေးတပ်များအား ကျောက်တုံးကျောက်ခဲများ၊ ဂျင်ကလိများဖြင့် ပစ်ခတ်ခဲ့သည်ဟုဆိုသည်။ ယင်းဆန္ဒပြပွဲသို့ လွှတ်တော်၌ မြေယာအခွင့်အရေးတောင်းဆိုနေသော တိုင်းရင်းသားမျိုးနွယ်စု အဖွဲ့တစ်ဖွဲ့လည်း ပါဝင်ခဲ့သည်။ ၎င်းဆန္ဒပြမှုသည် ကမ္ဘာ့ဖလားကျင်းပမှု ကုန်ကျစရိတ်ကြီးမြင့်မှုကို ဆန့်ကျင်သည့် နောက်ဆုံးဆန္ဒပြမှုဖြစ်သည်။

အင်္ဂါနေ့ကပြုလုပ်သော အဆိုပါဆန္ဒပြမှုတွင် ဆန္ဒပြသူ ၁၅၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ ယင်းတို့က မြို့၏ အဓိကလမ်းမကြီးများကို ပိတ်ဆို့ဆန္ဒပြခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ဆန္ဒပြလူအုပ်ကြီးက အမျိုးသားအားကစားကွင်းကြီးသို့ ချီတက်ဆန္ဒပြသကဲ့သို့ ရဲတပ်ဖွဲ့ကလည်း ယင်းတို့၏ လမ်းကြောင်းကို ပိတ်ဆို့ထားသည်။ ရဲတပ်ဖွဲ့က ဆန္ဒပြလူအုပ်အား မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့ရသည်။ ယင်းဆန္ဒပြသူများနှင့် ပူးပေါင်း၍ လူမျိုးစုအဖွဲ့တစ်ဖွဲ့က ဘရာဇီးကွန်ဂရက် ခေါင်မိုးပေါ်တက်၍ ဆန္ဒပြခဲ့ကြသည်။ ယင်းသို့ဆန္ဒပြစဉ် ဘရာဇီးရဲတပ်ဖွဲ့ဝင်တစ်ဦး မြားဖြင့်အပစ်ခံရပြီး ဒဏ်ရာပြင်းထန်စွာရရှိသွားခဲ့သည်။ ပြီးခဲ့သည့်နှစ်ကလည်း လူပေါင်းတစ်သန်းခန့် နိုင်ငံတစ်ဝန်း ပြည်သူ့ဝန်ဆောင်မှု ပိုမိုကောင်းမွန်စေရေး၊ အကျင့်ပျက်ခြစားမှုလျော့နည်းစေရန်နှင့် ကမ္ဘာ့ဖလားကုန်ကျစရိတ်များလျော့နည်းစေရန် ဖြစ်သည်ဟုဆိုသည်။ **(ဘီဘီစီ)**

၂၀၁၄ ခုနှစ်အလွန် အာဖဂန်၌ အမေရိကန် တပ်ဖွဲ့ဝင် ၉၈၀၀၀ တပ်စွဲထားမည်

ဝါရှင်တန် မေ ၂၈

အမေရိကန်က ယခုနှစ်ကုန်ပိုင်းတွင် ၎င်း၏တိုက်ခိုက်ရေးမစ်ရှင်ပြီးဆုံးသွားပြီးနောက် အာဖဂန်နစ္စတန်၌ တပ်ဖွဲ့ဝင် ၉၈၀၀၀ ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုးဘားမားက ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံအနေဖြင့် အာဖဂန်၌ ဖြန့်ကြက်ထားသောအဆိုပါတပ်ဖွဲ့ဝင်အရေအတွက်ကို ၂၀၁၆ ခုနှစ်အထိ တဖြည်းဖြည်းလျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက အိမ်ဖြူတော်၌ ကြေညာလိုက်သည်။

ကျန်ရှိအဆိုပါတပ်ဖွဲ့ဝင်များသည် အမေရိကန်သံရုံးစောင့်ရှောက်ရေး၊ အာဖဂန်တပ်ဖွဲ့ဝင်များ သင်တန်းပေးရေးနှင့် အကြမ်းဖက်တိုက်ဖျက်ရေး စစ်ဆင်ရေးများတွင် ကူညီပေးရန်ဖြစ်ကြောင်း ၎င်းကပြောကြားလိုက်သည်။

သို့သော်လည်း အဆိုပါအစီအစဉ်သည် အာဖဂန်နစ္စတန်နှင့် ပူးတွဲလုံခြုံရေး သဘောတူစာချုပ်အပေါ်တွင် မူတည်လျက်ရှိသည်။

လက်ရှိအာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသည်။ အမေရိကန်အစိုးရအနေဖြင့် သမ္မတကာဇိုင်းနေရာ အစားထိုးသမ္မတဖြစ်လာမည့်သူနှင့် လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ "ဒီနှစ်ဟာ အမေရိကန်က ဆင်နွှဲတဲ့အရှည်ကြာဆုံးစစ်ပွဲကြီး ပြီးဆုံးတော့မှာဖြစ်ပါတယ်"ဟု မစ္စတာအိုဘားမားကပြောသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တို့က အာဖဂန်နစ္စတန်နိုင်ငံရှိ အယ်ခိုင်ဒါတို့အား ဝင်ရောက်တိုက်ခိုက်ရန် သမ္မတ ဂျော့ဒဗလျူဘုရှ်က အမိန့်ပေးခဲ့သည်။ ယင်းစစ်ပွဲသည် အမေရိကန်သမိုင်းတွင် အရှည်ဆုံးစစ်ပွဲဖြစ်သည်။ **(ဘီဘီစီ)**

ယူကရိန်းထိုးစစ် သူပုန် ၅၀ ကျော်သေဆုံး

ဒိုနက်စကီ မေ ၂၈

ယူကရိန်းကရွေးချယ်တင်မြှောက်လိုက်သော သမ္မတသစ် ပိုရိုရှန်ကို သမ္မတဖြစ်လာပြီးနောက် နိုင်ငံအရှေ့ပိုင်း ဒိုနက်စကီမြို့ကို ဒုတိယနေ့အဖြစ် အင်္ဂါနေ့က ရဟတ်ယာဉ်များ၊ လေထီးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရုရှားလိုလားသူ သူပုန် ၅၀ ကျော် သေဆုံးသွားခဲ့သည်။

ယင်းထိုးစစ်ဆင်တိုက်ခိုက်မှုသည် ရုရှားသမ္မတ ဗလာဒီမာပူတင်ကို စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက ပြောဆိုလျက်ရှိသည်။

ဒိုနက်စကီမြို့ ဗလီတစ်လုံး၌ လူပေါင်း ၂၀ ခန့် ရုပ်အလောင်းများ ခြေလက်များပြတ်၍ တွေ့ရကြောင်း ရိုက်တာသတင်းထောက်များကပြောသည်။ ယင်းတိုက်ခိုက်မှုကြောင့် ရုရှားလိုလားသူ သူပုန် ၅၀ ကျော် သေဆုံးခဲ့ရကြောင်း ဒိုနက်စကီတာဝန်ရှိသူတစ်ဦးက ပြောသည်။ ၎င်းတိုက်ခိုက်မှုအတွင်း အစိုးရဘက်မှ သေပျောက်မှုမရှိဟု ဆိုသည်။ အသက် ၄၈ နှစ်အရွယ် ပိုရိုရှန်ကိုသည် သမ္မတဖြစ်လာပြီး နာရီပိုင်းအကြာ ယင်းမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ရုရှားသမ္မတပူတင်က ယင်းထိုးစစ်ကို ချက်ချင်းရပ်ရန် တောင်းဆိုလိုက်သည်။ **(ရိုက်တာ)**

ယူကရိန်းနယ်စပ် ရုရှားတပ်သားများစွာ ပြန်ရုပ်သိမ်း

ယူကရိန်း မေ ၂၈

ပြီးခဲ့သည့်ရက်အနည်းငယ်က ယူကရိန်းနယ်စပ်ရှိ ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များအား ရုရှားတို့က ပြန်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ သို့သော် ၎င်းဒေသတွင် နောက်ထပ်ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားမှုကျန်ရှိနေသေးကြောင်း အမေရိကန်ကာကွယ်ရေးဌာန အရာရှိတစ်ဦးက အင်္ဂါနေ့ကပြောကြားခဲ့သည်။ ယင်းဒေသတွင် မတည်မငြိမ်ဖြစ်မှုဖန်တီးနိုင်လောက်အောင် တပ်ဖွဲ့ဝင်အင်အားကျန်နေသေးကြောင်း ၎င်းအရာရှိက ဆိုသည်။

ယူကရိန်းအရှေ့ပိုင်းတွင် ရုရှားလိုလားသူတပ်ဖွဲ့များနှင့် ပြင်းထန်သောတိုက်ပွဲများဆင်နွှဲအပြီး donetsk လေဆိပ်ထိန်းချုပ်မှုပြန်ရခဲ့ပြီးဖြစ်ကြောင်း ယူကရိန်းတပ်ဖွဲ့က ပြောကြားထားသည်။ ခွဲထွက်ရေးဝါဒီများအား အားပေးထောက်ပံ့မှုပေးနေသည်ဟု စွပ်စွဲခံထားရသော ရုရှားသမ္မတက စစ်သွေးကြွများ ချေမှုန်းနှိမ်နင်းမှုစစ်ဆင်ရေးကို ချက်ချင်းရပ်တန့်ပေးရန် ယူကရိန်းအာဏာပိုင်များအား တောင်းဆိုခဲ့သည်။ **(စီအင်န်အေ)**

တောင်ကိုရီးယား၌ ဆေးရုံမီးလောင်၊ ၂၁ ဦး သေဆုံး

ဆိုးလ် မေ ၂၈

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ တောင်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ Janseong ကောင်တီ Hyosarang ဆေးရုံမီးလောင်မှုကြောင့် သူနာပြုတစ်ဦးနှင့် လူနာ ၂၀ ထက် မနည်းသေဆုံးခဲ့ကြောင်း၊ ကျန်ခြောက်ဦးမှာ စိုးရိမ်ရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူအများစုမှာ ၇၀ နှင့် ၈၀ အရွယ် သက်ကြီးရွယ်အိုများဖြစ်ပြီး ၎င်းတို့သည် ခုတင်ပေါ်မှ မထနိုင်သူများဖြစ်သည်ဟု ဆိုသည်။ မီးလောင်မှုကို နာရီဝက်အတွင်း ငြိမ်းသတ်နိုင်ခဲ့သော်လည်း အများစုမှာ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်ပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အရာရှိများက ပြောသည်။

လုံခြုံရေးကင်မရာများအရ ၈၁ နှစ်အရွယ် စိတ်ရောဂါသည် လူနာတစ်ဦးသည် ၎င်းမီးစတင်လောင်သည့်နေရာသို့ ဝင်သွားခဲ့ကြောင်း တွေ့ရသဖြင့် ၎င်းကိုဖမ်းဆီးထားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ဆိုသည်။

၎င်းမီးလောင်မှုသည် အချိန်အနည်းငယ်သာ ကြာခဲ့သော်လည်း အပေါ်ဆုံးထပ်ရှိ လူနာများသည် ၎င်းတို့၏အခန်းမှ ပြောင်းရွှေ့ရန် မတတ်နိုင်ဘဲ မီးခိုးငွေ့များကြောင့် အသက်ဆုံးရှုံးခဲ့ရကြောင်း သတင်းအေဂျင်စီများက ဖော်ပြခဲ့သည်။

သူနာပြုသည် ၎င်းမီးတောက်များကို မီးသတ်ဆေးဘူးများဖြင့် ငြိမ်းသတ်ရန် ကြိုးစားနေစဉ် အသက်ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနကဆိုသည်။ **(ဘီဘီစီ)**

လစ်ဗျားနိုင်ငံတွင် မတည်ငြိမ်မှုကြောင့် အမေရိကန်က လစ်ဗျားရောက်နိုင်ငံသားများ ပြန်ခေါ်

ထရီပိုလီ မေ ၂၈

လစ်ဗျားနိုင်ငံရောက် အမေရိကန်နိုင်ငံသားအားလုံး ချက်ချင်းပြန်လာရမည်ဟု အမေရိကန်နိုင်ငံမှ သတိပေးပြောကြားလိုက်ရာ လောလောဆယ် တည်ငြိမ်မှုမရှိဘဲ ခန့်မှန်းမရသော လစ်ဗျားပြည်တွင်းရေးအခြေအနေကြောင့် ဖြစ်ကြောင်း သတင်းရရှိသည်။

အင်္ဂါနေ့က အမေရိကန်တို့က လစ်ဗျားရောက် အမေရိကန်အစိုးရဝန်ထမ်းများအား ကူညီပြောင်းရွှေ့ပေးနိုင်ရေးအတွက် ရေကြောင်းတပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ ခန့်ပါသော စစ်သင်္ဘောတစ်စင်းကို အင်္ဂါနေ့က လစ်ဗျားသို့စေလွှတ်ခဲ့သည်။

Benghazi ရှိ အစ္စလာမ္မစ်စစ်သွေးကြွများအား နှိမ်နင်းရေး အလစ်ဝင်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်း လစ်ဗျားနိုင်ငံ၏ ပြည်တွင်းရေး စိုးရိမ်ဖွယ်အနေအထားမှာ တိုးလာနေခဲ့ရသည်။ လစ်ဗျား၏ ပြည်တွင်းရေးမတည်ငြိမ်မှုကြောင့် ယခုချက်ချင်းပင် လစ်ဗျားမှထွက်ခွာကြရန် အမေရိကန်က ၎င်းတို့နိုင်ငံသားများအား ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးအရာရှိတစ်ဦး၏ပြောကြားချက်အရ လစ်ဗျား၏အရေးပေါ်အနေအထားအတွက် မိမိတို့နိုင်ငံသားများ ဘေးကင်းစွာပြန်ခေါ်နိုင်ရန် ရေတပ်သားဦးရေ ၁၀၀၀ ပါ စစ်သင်္ဘောတစ်စင်းနှင့် ရဟတ်ယာဉ်များစွာတို့ စီစဉ်ပေးထားသည်ဟု ဆိုသည်။

ယခုကဲ့သို့ အမေရိကန်တို့က နိုင်ငံသားများပြန်ခေါ်ရခြင်းသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် စက်တင်ဘာလက ဖြစ်ပွားခဲ့သည့် အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်သံအမတ်ကြီး ခရစ်စတိုဖာစတီဗင်အပါအဝင် အမေရိကန်နိုင်ငံသားလေးဦး အသတ်ခံရခြင်းကြောင့် ဖြစ်သည်။ **(ဘီဘီစီ)**

နိုင်ငံတကာအားကစားသတင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ကြည့်ခွင့်လက်မှတ်များ

မိုးမြင့်လင်းလက်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပရန် ရက်ပိုင်းပဲလိုပါတော့တယ်။ ဇွန် ၁၂ ရက်မှာ စတင်ကျင်းပတော့မှာမို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေဟာ ဘောလုံးလက်မှတ်တွေဝယ်ယူမှုအနေအထားက စိတ်ဝင်စားစရာဖြစ်နေပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားကိုလက်မှတ်ဝယ်ယူဖို့အတွက် ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရဲ့ အွန်လိုင်းကဝယ်ယူမှုဟာ ခြောက်သန်းကျော်ရှိခဲ့ပေမယ့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်မှတ်စုစုပေါင်းသုံးသန်းကျော်သာရောင်းချခဲ့တာဖြစ်ပါတယ်။ ဖီဖာကတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက စတင်ပြီး လက်မှတ်ပေါင်းတစ်သန်းကျော်ကို ရောင်းချခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်တွေဖြစ်တဲ့အုပ်စုပွဲစဉ်ပြိုင်ပွဲတွေအတွက် အိမ်ရှင်ဖြစ်တဲ့ ဘရာဇီးပရိသတ်တွေကတော့လက်မှတ်တစ်စောင် ၁၁ ယူရိုလောက်နဲ့ ဝယ်ယူကြည့်ရှုခွင့်ရရှိကြပါတယ်။ ဒါပေမယ့် အခြားနိုင်ငံတွေရဲ့ပရိသတ်တွေအတွက်ကတော့ လက်မှတ်တစ်စောင်ကို ၆၉ ယူရိုဝယ်ယူခဲ့ရလို့ ဝေဖန်သံတွေလည်း ဆူညံနေပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်တွေအနက် နောက်ဆုံးဗိုလ်လုပွဲစဉ်ကိုတော့ လက်မှတ်တစ်စောင်ကို ၃၃၅ ယူရိုကနေပြီး ၇၅၅ ယူရိုအထိ ဈေးတက်ခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားပွဲရဲ့ ပွဲစဉ်တွေအနက် နောက်ဆုံးဗိုလ်လုပွဲလက်မှတ်တွေက ဈေးအကြီးဆုံးနဲ့ အရောင်းရဆုံးဖြစ်နေပြီး နိုင်ငံအလိုက် ပရိသတ်တွေရဲ့ လက်မှတ်ဝယ်ယူမှုလည်း အကောင်းဆုံးလို့ ဆိုပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာလက်မှတ်ဝယ်ယူမှုကို နိုင်ငံအလိုက် ကြည့်မယ်ဆိုရင် အင်္ဂလန်နိုင်ငံက ၂၂၀၀၀ ကျော်ဝယ်ယူထားပြီး ပြင်သစ်နိုင်ငံက လက်မှတ်ပေါင်း ၁၀၀၀၀ ကျော် ဝယ်ယူထားပါတယ်။ ဒါ့အပြင် ဂျာမနီနိုင်ငံကလက်မှတ်ပေါင်း ၁၈၀၀၀ ကျော်ဝယ်ယူထားသလို အမေရိကန်နိုင်ငံက လက်မှတ်ပေါင်း ၆၅၀၀၀ ကျော်ဝယ်ယူထားပါတယ်။

နောက်ပြီး ဩစတြေးလျနဲ့ ကနေဒါနိုင်ငံက ပရိသတ်တွေကလည်း လက်မှတ်ပေါင်း ၁၀၀၀၀ ကျော် ဝယ်ယူထားတာမို့ ကမ္ဘာ့ဖလားဘောလုံးပွဲတွေကို နိုင်ငံအလိုက်ကြည့်ရင် အိမ်ရှင်ဘရာဇီးအပါအဝင် ဘောလုံးအင်အားကြီးနိုင်ငံအများစုက လက်မှတ်ဝယ်ယူမှုမြင့်မားနေတာ တွေ့ရမှာဖြစ်ပါတယ်။ လာမယ့်ဇွန် ၁၂ ရက်မှာ စတင်တော့မယ့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်တွေကစပြီး နောက်ဆုံးဗိုလ်လုပွဲအထိ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေရင်ခုန်လှိုက်မောစွာကြည့်ရှုခံစားအားပေးကြတော့မှာဖြစ်ပါတယ်။

ဆောက်သမ်တန်နည်းပြအား စပါးက ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူ

စပါးအသင်းက မော်ရီစီယို ပိုချက်တီနိုအား ငါးနှစ်စာချုပ်ဖြင့် နည်းပြခန့်အပ်လိုက်ပြီဖြစ်သည်။

အာဂျင်တီးနားနိုင်ငံသားပိုချက်တီနိုသည် ဆောက်သမ်တန်အသင်းတွင် ၁၈ လကြာ နည်းပြလုပ်ခဲ့ပြီး နုတ်ထွက်ခဲ့သည်။ အသက် ၄၂ နှစ်ရှိ အဆိုပါနည်းပြသည် ၂၀၀၁ ခုနှစ်နောက်ပိုင်း စပါးအသင်း၏ ၁၀ ဦးမြောက် နည်းပြဖြစ်လာသည်။ ၎င်းသည် မေ ၁၃ ရက်က ရာထူးမှ ဖြုတ်ချလိုက်သော တင်ရှားဝုဒ်နေရာတွင် အစားထိုးလုပ်ကိုင်ရမည်ဖြစ်သည်။ “စပါးအသင်းဟာ အစဉ်အလာရှိတဲ့အသင်းကောင်းတစ်သင်းပါ။ ဒီအသင်းကို အောင်မြင်အောင် ဆက်လက်တာဝန်ယူသွားမှာ ဖြစ်ပါတယ်”ဟု ပိုချက်တီနိုက ပြောကြားသည်။

ဝှိုက်ဟတ်လိန်းကလပ်စပါးသည် ပြီးခဲ့သော ရာသီက ဗီးလက်ဘိုနှင့် စတင်ခဲ့သည်။ သို့သော်ရလဒ်များ ဆက်တိုက်ဆိုးရွားခဲ့မှုကြောင့် ဒီဇင်ဘာလတွင် ၎င်းအား အလုပ်မှဖြုတ်ခဲ့သည်။ တင်ရှားဝုဒ်က ပေါ်တူဂီသား ဗီးလက်ဘိုနေရာတွင် အစားထိုးနည်းပြဖြစ်လာသည်။ စပါးကို နံပါတ် ၆ နေရာရောက်အောင် ဦးဆောင်ပေးနိုင်ခဲ့သည်။ စပါးက အိုင်းယက်စ်နည်းပြ ဒီဘိုးဝါးကို ခေါ်ယူရန် ဆက်သွယ်ခဲ့သော်လည်း ပိုချက်တီနိုအား ရွေးချယ်ခဲ့သည်။

ပြင်သစ်အိုးပင်း မာရေး ဒုတိယအဆင့်တက်

ကောင်းမြတ်သူ-စုစည်းသည်

ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးသည် ပြင်သစ်အိုးပင်းတွင် ကာဇက်စတန်မှ အင်ဒရေးဂိုလူဘတ်အား အနိုင်ကစားပြီး ဒုတိယအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသည်။

အသက် ၂၇ နှစ်ရှိ အင်ဒီမာရေးသည် ကမ္ဘာ့အဆင့် ၅၃ ရှိ အဆိုပါ ကစားသမားအား ၆-၁၊ ၆-၄၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရခဲ့သည်။ မာရေးသည် ၂၀၁၂ ခုနှစ်နောက်ပိုင်း ပြင်သစ်အိုးပင်းတွင် ပထမဆုံးအနိုင်ရလိုက်ခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က ကျောဒဏ်ရာကြောင့် ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။

မာရေးသည် ကမ္ဘာ့အဆင့် ၆၆ ရှိ မိုတိုဆီဗစ်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဟောင်းလီနာနှင့် ကမ္ဘာ့အဆင့် ၁၁ ရှိ ဒီမီထရိုတို့သည် ပြိုင်ဘက်များကို ရှုံးနိမ့်ပြီး ထွက်ခဲ့ရသည်။

နိုင်ငံတကာ ခြေစမ်းပွဲနှင့် ဖလားပွဲစဉ်များ

သီဟ

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ — **မေ ၂၉**

မက္ကဆီကို	-	အစ္စရေး	နံနက် ၈း၀၀
လစ်သူယေးနီးယား	-	ဖင်လန်	ည ၈း၃၀
ကင်မရွန်း	-	ပါရာဂွေး	ည ၁၁း၃၀
ဆော်ဒီအာရေဗျ	-	ဂျော်ဂျီယာ	ည ၁၁း၃၀
လတ်ဗီးယား	-	အက်စ်တိုးနီးယား	ည ၁၁း၄၅

ယူ၂၁ ခြေစမ်းပွဲစဉ် — **မေ ၂၉**

ဩစတြီးယားU 21	-	ဆားဗီးယားU 21	ည ၈း၃၀

ဘရာဇီး စီးရီးအေ ပွဲစဉ်(၈) ပွဲစဉ်များ — **မေ ၂၉**

စပေါ့	-	ဂရီမီအို	နံနက် ၅း၃၀
ပါလ်မီးရက်စ်	-	ဘိုတာဖိုကို	နံနက် ၅း၃၀
ခရီစီယူမာ	-	ကိုရစ်တီဘာ	နံနက် ၅း၃၀
အင်တာနေစီယွန်နယ်	-	ချပီကိုအန်စီ	နံနက် ၆း၃၀
ဂိုးအေ့စ်	-	ဗစ်တိုရီးယား	နံနက် ၆း၃၀
ကိုရင်သီယန်	-	ခရူဇီယို	နံနက် ၇း၃၀
အက်သလက်တီကို ပီအာ	-	ဆော်ပေါ်လို	နံနက် ၇း၃၀
အက်သလက်တီကို အမ်ဂျီ	-	ဖလူမင်နန်စီ	နံနက် ၇း၃၀

Toulon Tournament အုပ်စု ပွဲစဉ်များ — **မေ ၂၉**

တရုတ်U 20	-	မက္ကဆီကိုU 20	ည ၉း၄၅
ပြင်သစ်U 20	-	ပေါ်တူဂီU 20	ည ၁၂း၀၀

Toulon Tournament အုပ်စု(က) ရပ်တည်မှုဇယား

စဉ် အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁။ ပေါ်တူဂီU 20	၃	၃	၀	၀	၉
၂။ ပြင်သစ်U 20	၃	၂	၁	၀	၇
၃။ တရုတ်U 20	၃	၀	၂	၁	၂
၄။ ချီလီU 20	၄	၀	၂	၂	၂
၅။ မက္ကဆီကိုU 20	၃	၀	၁	၂	၁

မေ ၂၇/၂၈ ဂိုးရလဒ်များ

နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ

ဂျပန်	၁-၀	ဆိုက်ပရပ်စ်
မော်လ်ဒိုဗာ	၁-၁	ကနေဒါ
ယူအေအီး	၃-၄	အာမေးနီးယား
ပြင်သစ်	၄-၀	နော်ဝေ

Toulon Tournament အုပ်စု ပွဲစဉ်များ

ချီလီU 20	၂-၂	မက္ကဆီကိုU 20
တရုတ်U 20	၁-၄	ပေါ်တူဂီU 20

အက်သလက်တီကိုနည်းပြ ကွင်းထဲဝင်ရောက်မှုတရားစွဲဆိုခံရ

အက်သလက်တီကိုနည်းပြ ဒီယေဂို ဆီမြွန်နီအား ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ကွင်းအတွင်း ကျူးကျော်ဝင်ရောက်မှုဖြင့် ယူအီးအက်ဖ်အေက တရားစွဲဆိုလိုက်သည်။

အာဂျင်တီးနား နိုင်ငံသား အဆိုပါနည်းပြသည် အက်သလက်တီကိုက ရီးရဲမက်ဒရစ်ကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် နှစ်ကြိမ်တိုင်တိုင်ကွင်းအတွင်းဝင်ရောက်ခဲ့သည်။ အသက် ၄၂ နှစ်ရှိ ဆီမြွန်နီအား ဒတ်ချ်ဒိုင်လူကြီး ဘီဂျုံးကူပါးက ဆွဲထုတ်ခဲ့ရသည်။ ၎င်းသည် ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ဗာရာနီနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။ ယင်းအမှုများကို ဇူလိုင် ၁၇ ရက်တွင် စစ်ဆေးမည်ဖြစ်ပြီး လာမည့်ရာသီယှဉ်ပြိုင်ရာတွင် ပြိုင်ပွဲဆိုင်းငံ့မှုများ ခံရဖွယ်ရှိသည်။

CLAIMS DAY NOTICE

M.V KOBARID VOY:NO(2)

Consignees of cargo carried by M.V KOBARID Voy: NO. (2) are here by notified that the vessel will arrive on about 31-5-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပုံစံသစ်၊ အသွင်သစ်ဖြင့်ကျင်းပမည့် အားကစားပြိုင်ပွဲများ

လူလူမင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီးနောက် မြန်မာ့အားကစားလှုပ်ရှားမှုများမှာ ပိုမိုအသက်ဝင်အရေးပါလာခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ရရှိခဲ့သော အောင်မြင်မှုအနေအထားကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် အနာဂတ်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိရေးအတွက် မျိုးဆက်သစ်အားကစားသမားများကိုပါ ဖော်ထုတ်ပျိုးထောင်ပေးနိုင်ရေးကို အလေးပေးဆောင်ရွက်လာရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် အကြိမ်တိုင်းမှာ အောင်မြင်မှုများ ရရှိခဲ့ကြသည်။ ထိုသို့အောင်မြင်ခြင်းမှာလည်း ထူးချွန်သောအားကစားသမားကို စုဆောင်းလေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့၍ဖြစ်ပြီး အားကစားပြိုင်ပွဲများစဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခြင်း၏ အကျိုးဆက်လည်း ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်တံခွန်စိုက်အားကစားပြိုင်ပွဲများအကြောင်း ပြောဆိုကြမည်ဆိုလျှင် မြန်မာနိုင်ငံ၏ အထင်ကရအားကစားသမားကြီးတစ်ဦးဖြစ်သည့် ဦးဇော်ဝိတ်က ဦးဆောင်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများကို ၁၉၅၂ ခုနှစ်ကပင် စတင်ကျင်းပလာခဲ့သည်ဟု မှတ်သားရဖူးသည်။ ခေတ်အဆက်ဆက်တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကိုကျင်းပခဲ့ရာတွင် ၁၉၇၄ ခုနှစ် နောက်ပိုင်း၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများဟူ၍လည်းကောင်း၊ ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများဟူသောအမည်ဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ မြို့တော်များဖြစ်သည့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပလာခဲ့သည်မှာ ၂၀၁၃ ခုနှစ်အထိဖြစ်သည်။ ထိုကဲ့သို့ ကျင်းပလာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲများမှ ထူးချွန်သောလက်ရွေးစင်အားကစားသမားများပေါ်ထွန်းလာခဲ့ပြီး နိုင်ငံတော်နှင့် မိဘပြည်သူတစ်ရပ်လုံးအတွက် ဂုဏ်တက်ဖွယ် အောင်ပွဲများစွာရရှိသည်အထိ စွမ်းဆောင်ရည်များရှိခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အားကစားလှုပ်ရှားမှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ရှေးရှုပြီး အားကစားဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို နိုင်ငံအနှံ့ဖြန့်ကြက်ကာကျင်းပသွားနိုင်ရန် စီမံဆောင်ရွက်နေပြီဖြစ်ပေသည်။ အဆိုပါ အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများအဖြစ် အသွင်သစ်၊ ပုံစံသစ်ဖြင့် ကျင်းပသွားမည်လည်းဖြစ်သည်။

ထိုသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစား ပြိုင်ပွဲများအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့များကကျင်းပရန် လက်ခံခဲ့ပြီး ချင်းပြည်နယ် အစိုးရအဖွဲ့မှသာ အခြေအနေနှင့် အချို့သော အကြောင်းများကြောင့် လက်မခံနိုင်သေးခြင်းဖြစ်ရာ အဆိုပါအားကစားပြိုင်ပွဲများကို ယခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပသွားမည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဓိကအားကစားပြိုင်ပွဲများနှင့်အတူ ဒေသတွင်း ခရိုင်ပေါင်းစုံ သို့မဟုတ် ကလပ်ပေါင်းစုံအားကစားပြိုင်ပွဲများကိုလည်း တစ်ဆက်တစ်စပ်တည်း ကျင်းပသွားရန်စီစဉ်ထားပြီး ၂၀၁၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကျင်းပနိုင်မည့်အားကစားပွဲများ ပြက္ခဒိန်ကိုပင် ရေးဆွဲစီစဉ်ကာ အဆိုပါအားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ညွှန်ကြားရေးမှူးများနှင့် လိုအပ်သည့် လမ်းညွှန်မှုများပေးနိုင်ရန် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့တင်ပြထားပြီးဖြစ်သည်။

ကျင်းပမည့်အားကစားပြိုင်ပွဲပြက္ခဒိန်အရ ဇွန် ၆ ရက်မှ ၁၄ ရက်အထိ ပဲခူးတိုင်းဒေသကြီးတွင် ပထမဆုံးကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများအဖြစ် လက်ဝှေ့ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ကျင်းပမည့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၏ ဒေသတွင်းအားကစားပြိုင်ပွဲဖြစ်သည့် ခရိုင်ပေါင်းစုံ(သို့) ကလပ်ပေါင်းစုံ အားကစားပြိုင်ပွဲအဖြစ် ဘောလုံး၊ တင်းနစ်နှင့် ခြင်းလုံးပြိုင်ပွဲများကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်သည်။ အလားတူ ကရင်ပြည်နယ်တွင် ဇွန် ၈ ရက်မှ ၁၇ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲအဖြစ် ရိုးရာလက်ဝှေ့ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ဒေသတွင်းပြိုင်ပွဲအဖြစ် ဘောလုံး၊ လွန်ဆွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတို့ကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စက်တင်ဘာ ၁ ရက်မှ ၁၁ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနည်းပြိုင်ပွဲများအဖြစ် သေနတ်ပစ်၊ ဟော်ကီ၊ စစ်တုရင်ပြိုင်ပွဲများ ကျင်းပသွားမည်။ ဒေသတွင်းအားကစားပြိုင်ပွဲများအဖြစ်ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအားကစားပြိုင်ပွဲကျင်းပသွားရန် စီစဉ်ထားသည်။ (တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ကျင်းပမည့် အားကစားပြက္ခဒိန်ကို ပူးတွဲဖော်ပြထားပါသည်။)

ယခင်က နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင်သာ ကျင်းပလာခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို ယခုကဲ့သို့ နိုင်ငံတစ်ဝန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဖြန့်ကြက်ကျင်းပစေခြင်းဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အခန်းကဏ္ဍမှာ အားကစားဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုအရေးပါလာမည့်အပြင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးမှု၊ ကြီးကြပ်ကွပ်ကဲဦးဆောင်မှုစွမ်းအားများကို အပြည့်အဝအသုံးချလာနိုင်ရုံသာမက ဒေသတွင်းရှိ ပြည်သူများအနေဖြင့်လည်း အားကစားပြိုင်ပွဲများကို တိုက်ရိုက်ထိတွေ့ကြည့်ရှုနိုင်မည့် အခွင့်အလမ်းနှင့် အတွေ့အကြုံကောင်းများ ရရှိလာစေနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ထို့အပြင် မိမိတို့ဒေသတွင်းအထိ ဖြန့်ကြက်ရောက်ရှိလာသော အားကစားပြိုင်ပွဲများ၏ ထိတွေ့လှုံ့ဆော်မှုအားကြောင့် အားကစားဝါသနာရှင်များ ပိုမိုတိုးပွားလာစေခြင်း၊ ဒေသတွင်းရှိ ရွက်ပုန်းသီးအားကစားသမားမျိုးဆက်သစ်များ ပေါ်ထွက်လာစေခြင်း၊ အားကစားသမားများအနေဖြင့် နိုင်ငံအနှံ့ရောက်ရှိထိတွေ့နိုင်မည်ဖြစ်၍ တိုင်းရင်းသားပြည်သူများအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်လှန်နားလည်မှုနှင့် ဒေသန္တရဗဟုသုတများ တိုးပွားစေနိုင်မည့် အကျိုးတရားများလည်းရရှိစေရမည်ဟု ယုံကြည်မိပါသည်။ ပုံစံသစ်၊ အသွင်သစ်ဖြင့် ကျင်းပမည့် အားကစားပြိုင်ပွဲဖြစ်၍ အခက်အခဲအချို့နှင့် ဖြေရှင်းကျော်လွှားရမည့် ပြဿနာအချို့ရှိနိုင်သော်လည်း ပိုမိုထိရောက်ပြီး အကျိုးတရားတိုးပွားစေမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပရေးမှာ ဒေသခံအားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် အားကစားလိုက်စားလိုသူ ပြည်သူများအတွက် အားကစားနည်းအလိုက် အားကစားပစ္စည်းများ၊ အားကစားဝတ်စုံများ၊ အားကစားအထောက်အကူပြုပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနမှ ပံ့ပိုးကူညီစီစဉ်ပေးသွားမည်ဖြစ်ရာ အသွင်သစ်ဖြင့်ကျင်းပပြီး ပိုမိုပျံ့နှံ့သလောက် ထိရောက်မှုရှိလာနိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို အားပါးတရခံစားအားပေးကြရတော့မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း တင်ပြလိုက်ရပါသည်။

၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများပြက္ခဒိန်

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	အားကစားနည်း	ကျင်းပမည့်နေ့	တွဲဖက်ကျင်းပမည့် ဒေသတွင်း အားကစား ပြိုင်ပွဲ(၃)မျိုး
၁။	ပဲခူး	လက်ဝှေ့	၆-၆-၁၄ မှ ၁၄-၆-၁၄ထိ	တင်းနစ်၊ ဘောလုံး၊ ခြင်းလုံး
		အလေးမ	၆-၆-၁၄မှ ၉-၆-၁၄	
၂။	ကရင်	ရိုးရာလက်ဝှေ့	၈-၆-၁၄မှ ၁၇-၆-၁၄ထိ	ဘောလုံး၊ လွန်ဆွဲ၊ စားပွဲတင်တင်းနစ်
၃။	ကယား	တိုက်ကွမ်ဒို	၁၅-၆-၁၄ မှ ၁၇-၆-၁၄	ကရာတေးဒို၊ ဘောလုံး၊ ဘော်လီဘော၊ ဘောလုံး၊
၄။	ရှမ်း	ဘော်လီဘော	၆-၇-၁၄ မှ ၁၃-၇-၁၄ ထိ	ပိုက်ကျော်ခြင်း၊ ဘိလိယက်၊ ဘောလုံး ပန်ကြပ်ဆီလတ်
		ဘတ်စကက်ဘော	၆-၇-၁၄ မှ ၁၉-၇-၁၄ထိ	ကြက်တောင်၊ ဘောလုံး သေနတ်ပစ်
		ဝူရှူး	၂၀-၇-၁၄ မှ ၂၄-၇-၁၄ ထိ	
စဉ်	**တိုင်းဒေသကြီး/ ပြည်နယ်**	**အားကစားနည်း**	**ကျင်းပမည့်နေ့**	**တွဲဖက် အားကစားနည်း (၃)မျိုး**
၅။	မွန်	ဂျူဒို	၂၇-၇-၁၄ မှ ၂၉-၇-၁၄ ထိ	စစ်တုရင်၊ ဘောလုံး ပိုက်ကျော်ခြင်း
		စားပွဲတင်တင်းနစ်	၂၇-၇-၁၄ မှ ၂-၈-၁၄ ထိ	
၆။	ရခိုင်	နပန်း	၁-၈-၁၄ မှ ၄-၈-၁၄ ထိ	ပိုက်ကျော်ခြင်း၊ စစ်တုရင် ဘောလုံး၊ ကရာတေးဒို
၇။	မကွေး	ပန်ကြပ်ဆီလတ်	၉-၈-၁၄ မှ ၁၆-၈-၁၄ထိ	ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ပန်ကြပ်ဆီလတ်
၈။	ရန်ကုန်	သေနတ်ပစ်	၁-၉-၁၄ မှ ၄-၉-၁၄ထိ	ဘောလုံး၊ ခြင်းလုံး ပိုက်ကျော်ခြင်း
		ဟော်ကီ	၁-၉-၁၄ မှ ၁၅-၄-၁၄ထိ	
		စစ်တုရင်	၁-၉-၁၄ မှ ၁၁-၉-၁၄ထိ	
၉။	စစ်ကိုင်း	ပိုက်ကျော်ခြင်း၊ စက်ဘီး	၁၃-၉-၁၄မှ ၂၁-၉-၁၄ထိ	တင်းနစ်၊ လွန်ဆွဲ ဘိလိယက်၊ ဘောလုံး
၁၀။	မန္တလေး	ပြေးခုန်ပစ်	၁၅-၉-၁၄မှ ၁၈-၉-၁၄ထိ	စစ်တုရင်၊ ဘောလုံး၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း
		ဘောလုံး(ကျား၊မ)	၁၅-၉-၁၄မှ ၂၉-၉-၁၄ထိ	
၁၁။	နေပြည်တော်	ကရာတေးဒို	၁-၉-၁၄မှ ၃-၉-၁၄ထိ	အေရိုးဗစ်၊ ဘောလုံး ကာယကြံ့ခိုင်မှု၊ ပိုက်ကျော်ခြင်း
		ရေကူး	၂၆-၉-၁၄မှ ၂၇-၉-၁၄ထိ	
		လွန်ဆွဲ၊ ပီတန်း	၂၆-၉-၁၄မှ ၃၀-၉-၁၄ထိ	
		ဘိလိယက်၊စနူကာ တင်းနစ်	၂၆-၉-၁၄မှ ၂-၁၀-၁၄ထိ	
၁၂။	တနင်္သာရီ	ကြက်တောင်	၁၄-၁၀-၁၄မှ ၁၈-၁၀-၁၄ထိ	ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ကာယကြံ့ခိုင်မှု
၁၃။	ကချင်	အေရိုးဗစ်	၂၆-၁၀-၁၄မှ ၂၈-၁၀-၁၄ထိ	စားပွဲတင်တင်းနစ် ဘတ်စကက်ဘော၊ ကာယကြံ့ခိုင်မှု၊ ဘောလုံး
			၂၆-၁၀-၁၄	ပိုက်ကျော်ခြင်း၊ ဘောလုံး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးတောင်ကြီးနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ ယာဉ်တိုက်မှုကျဆင်းရေးအတွက် မေ ၂၀ ရက်က အေးသာယာအဝေးပြေးဂိတ်တွင် တောင်ကြီးမှ မြို့အနှံ့သို့ ထွက်ခွာမည့် အဝေးပြေးကားများကို ရှောင်တခင်စစ်ဆေးပြီး ပညာပေးဆောင်ရွက်စဉ်။

ကညန(တောင်ကြီး)

မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခိုင်ခိုင်ရှိန်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၆ ရက်က တံခွန်တိုင်ရပ်ကွက် မြောက်ဥယျာဉ်မွှာရုံ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အိမ်ထောင်ရှင် အမျိုးသမီးများအား HIV/AIDS ရောဂါအကြောင်း ဟောပြောစဉ်။

တင်မောင်(မန္တလေး)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒသမပုံမှန်အစည်းအဝေး စတင်ကျင်းပ

နေပြည်တော် မေ ၂၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀တွင် စတင်ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက "လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မဲဆန္ဒရှင်များနှင့် တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စများကို စိစစ်ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူ့လိုအပ်ချက်များကို ကြားသိရအောင် ပြုလုပ်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြသည့် ကိုယ်စားလှယ်များ၏ စေတနာနှင့်စွမ်းဆောင်ချက်များကို အလေးထားဂုဏ်ပြုပါကြောင်း၊ လွှတ်တော်မှလည်း အလုပ်များစွာဖြင့် ကိုယ်စားလှယ်ကြီးများကို စောင့်ကြိုလျက်ရှိပါကြောင်း၊ အလုပ်တော်တော်များများရှိနေသည့်အတွက် အချိန်မီစနစ်တကျပြီးစီးသွားရန် ကိုယ်စားလှယ်ကြီးများ၏ ကျန်းမာရေးနှင့်စိတ်ချမ်းသာပျော်ရွှင်ရရှိကြပါစေကြောင်း၊ ကိုယ်စားလှယ်အချင်းချင်း၊ အခြားမည်သည့်အဖွဲ့အစည်းများ၊ ပြည်သူများ၊ မီဒီယာများနှင့် တွေ့ထိဆက်ဆံပြောဆိုလုပ်ဆောင်ကြရာ၌ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်းတို့ကို စိတ်ကောင်းစေတနာနှင့် ယှဉ်တွဲဆောင်ရွက်နိုင်ကြပါစေကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရေးပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့သည် မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်၍ ပြည်သူ့ကိုယ်စားလှယ်များက ဤကိစ္စကိုအလေးထားပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ကြပါရန် ပန်ကြားတိုက်တွန်းပါကြောင်းဖြင့် ယနေ့အစည်းအဝေး၌ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ယနေ့အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၄ ခုနှစ် မေလ ၂၂ ရက် ရက်စွဲပါ ကြေညာချက် အမှတ်(၁၄/၂၀၁၄) နှင့် ၂၀၁၄ ခုနှစ် မေလ ၂၆ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၁၇/၂၀၁၄) တို့အရ အစားထိုးပြောင်းလဲသည့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)အရ လွှတ်တော်ဥက္ကဋ္ဌထံ ကတိသစ္စာပြုကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ဒသမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်ရှစ်ခုအား အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူးက ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးက ဆွေးနွေးတင်ပြကြရာ လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

ယနေ့တင်သွင်းသည့် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ၌ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးခွန်းမေးမြန်းမှုနှင့် ဖြေဆိုမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာတွင် စုစုပေါင်းမေးခွန်း ၃၀၂၅ ခုမေးမြန်းခဲ့ရာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်းများက နှုတ်ဖြင့်ဖြေကြားသည့် မေးခွန်း ၁၅၄၁ ခု၊ စာဖြင့် ဖြေကြားသည့် မေးခွန်း ၁၄၈၄ ခုရှိကြောင်း သိရသည်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့်နှုတ်ဖြင့် ပြန်လည်ဖြေကြားမှုများကို စာရင်းပြုစု၍ လေ့လာစိစစ်ကြည့်ရာတွင် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈၇ ဦးရှိပြီး လွှတ်တော်အစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ် ၂၅၉ ဦး၏ မေးခွန်းပေါင်း ၁၅၄၁ ခုကို နှုတ်ဖြင့် ပြန်လည်ဖြေကြားခံရပြီး နှုတ်ဖြင့်ပြန်လည်ဖြေကြားရန် အချိန်မရသည့်မေးခွန်းများကို စာဖြင့် ဖြေဆိုပေးကြောင်း ၄င်းအစီရင်ခံစာအရ သိရှိရသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက် ၂၃ ခုဖြင့် ပြန်လည်ပေးပို့လာသည့် "စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်တစ်ဦးက ဖတ်ကြားတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဥပဒေကြမ်းပါ အခန်း (၁) အပိုဒ်(၂) အပိုဒ်ခွဲ(ထ)၊ အခန်း (၃) အပိုဒ်(၅) နှင့် အခန်း(၄) အပိုဒ် (၈)တို့ သဘောကွဲလွဲချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာသည်။

"ဒီစံချိန်စံညွှန်းဥပဒေကို ရေးဆွဲနေတာလည်း အကြိမ်ကြိမ်အခါခါ ရှိပါပြီ၊ ပြည်သူ့လွှတ်တော်မှာ အကျေအလည်ဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကို ပေးပို့လိုက်ပါတယ်၊ အမျိုးသားလွှတ်တော်ကလည်း သဘောတူသင့်တာ တူပြီးတော့ တချို့ပိုပြီးတော့ ကောင်းအောင် ပြန်လည်ဖြည့်စွက်တဲ့ အချက်ပေါင်း ၂၃ ချက်နဲ့ ပြန်လည်ပေးပို့လာပါတယ်၊ (၂၃)ချက်ပေးပို့တဲ့နေရာမှာ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော် အတည်ပြုချက်အတိုင်း လက်ခံလိုက်တာက အချက်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်ကို သဘောမတူလို့ အဓိကဒီဘက်နဲ့ ဟိုဘက်သဘောထားကွဲလွဲချက် သုံးချက်ကို ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ပြီး အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပြီဆိုရင်တော့ ဒီဥပဒေက အတည်ဖြစ်သွားမှာပါ။ စံချိန်စံညွှန်းသတ်မှတ်တဲ့ကိစ္စတွေမှာအရေးကြီးတဲ့ကိစ္စတွေက ဘာလဲဆိုတော့ လျှပ်စစ်ဝိုင်ယာကြိုးကအစ စံချိန်စံညွှန်းတွေကို ကြည့်မှာဖြစ်ပါတယ်။ ရောင်းချတဲ့ နေရာမှာရော ထုတ်လုပ်တဲ့နေရာမှာပါ စံချိန်စံညွှန်းနဲ့ညီသလားဆိုတာမျိုးတွေ တချို့ဖြစ်နေတာတွေက သတ်မှတ်ထားတဲ့ ဂိတ်တွေနဲ့မညီပါဘူး။ ဒီဥပဒေက နည်းနည်းလည်းကြာပါတယ်။ ပညာရှင်တွေနဲ့လည်း သေသေချာချာလုပ်ရတဲ့ ကိစ္စဖြစ်ပါတယ်။ စံချိန်စံညွှန်းသတ်မှတ်ရေးကော်မတီများလည်း ပေါ်ပေါက်လာမှာဖြစ်ပါတယ်၊ သဘောထားကွဲလွဲချက်ကတော့ သိပ်ပြီးတော့ကြီးကြီးမားမား မဟုတ်ပါဘူး။ အဲဒါကိုတော့ ပြည်ထောင်စုလွှတ်တော်ကိုတင်သွင်းပြီး အတည်ပြုချက်ရယူမှာပါ၊ ဒီဥပဒေပြီးသွားရင် ကောင်းကျိုးတွေက တိုက်တာတွေဆောက်တာပဲဖြစ်ဖြစ်၊ လမ်းတံတားခင်းတာပဲဖြစ်ဖြစ်၊ ထုတ်ကုန်တွေ စံချိန်စံညွှန်းတွေနဲ့အညီ ဟုတ်မဟုတ်၊ ရှိမရှိဆိုတာကို စံချိန်စံညွှန်းအဖွဲ့ဝင်တွေက စစ်ဆေးမှာပါ။ ပြည်သူလူထုအနေနဲ့ စံချိန်စံညွှန်းနဲ့ညီတဲ့လမ်း၊ တံတား၊ ပစ္စည်းစတာတွေကို ရရှိခံစားသုံးစွဲရမှာဖြစ်ပါတယ်၊ အဓိကပြောချင်တာကတော့ ထုတ်လုပ်တဲ့သူတွေကလည်း စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်ပေးကြပါ၊ လုပ်ငန်းအကောင်အထည်ဖော်တဲ့အဖွဲ့အစည်းတွေကလည်း တကယ့်သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်ကြရဖို့ဖြစ်ပါတယ်၊ ပြည်သူလူထုကလည်းစံချိန်စံညွှန်းနဲ့အညီ ပေါ်ပေါက်လာတဲ့ ပစ္စည်းတွေကို ဝိုင်းဝန်းထိန်းသိမ်းအသုံးပြုကြဖို့ ဖြစ်ပါတယ်" ဟု ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ပြောကြားသွားပါတယ်။

အစည်းအဝေးကို ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး ဒုတိယနေ့ကို မေ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မီတာခနှင့်မီးဆက်ခပေးသွင်းရာတွင် ပြေစာမရပါက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အကြောင်းကြားလျှင် အရေးယူဆောင်ရွက်ပေးမည်

နေပြည်တော် မေ ၂၈

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၂)ခုဖြင့် ကျင်းပပြီး ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြ၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်သည် မိမိမဲဆန္ဒနယ်မှ ပြည်သူများကို ကိုယ်စားပြုခြင်း၊ နိုင်ငံသားအားလုံးအတွက် ကျယ်ပြန့်စွာကိုယ်စားပြုခြင်းနှင့် ဥပဒေပြုခြင်းများဖြစ်ပါကြောင်း။

ပြည်သူများကို ကျယ်ပြန့်စွာ ကိုယ်စားပြုရာတွင် ပြည်သူများအတွက် စားရေရိက္ခာပြည့်စုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သင့်လျော်သည့် နေစရာထိုင်စရာရရှိရေး၊ အရည်အသွေး မြင့်မားသည့် ပညာသင်ကြားခွင့်ရရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ တရားဥပဒေအကာအကွယ်ရရှိရေးနှင့် ပုဂ္ဂလိက လုံခြုံရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အတွင်းတွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်းများကို စဉ်းစားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်ဆီလျော်ညီညွတ်မှု ရှိ/မရှိ၊ အမှန်တကယ်ပြဋ္ဌာန်းရန် လိုအပ်သောဥပဒေဟုတ်/ မဟုတ်၊ အများပြည်သူ လိုက်နာနိုင်စွမ်း ရှိ/မရှိ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြု/မပြု၊ ပြစ်မှုသတ်မှတ်ချက်များ သဘာဝကျ/ မကျ၊ ပြစ်ဒဏ်သည် စိတ်ဓာတ်နှင့်အကျင့်စာရိတ္တပြုပြင်ရေးကို ရှေးရှုခြင်း ရှိ/မရှိတို့ကို အမြဲသတိချပ်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုဆိုလျှင် လွှတ်တော်သက်တမ်းသည် သုံးနှစ်ကျော် လေးနှစ်အတွင်းသို့ ရောက်ရှိလာပြီး လွှတ်တော်ကိုယ်စားလှယ်များသည် ရင့်ကျက်လာကြပြီဖြစ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်၏ ဓလေ့ထုံးတမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဒသမအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း မိမိတို့၏ကိုယ်စီတာဝန်ကျေပွန်ကြရန်အပြင် အမျိုးသားလွှတ်တော်၏ ဂုဏ်ရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြေကြားစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း(ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)၏ **"လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ပေးပို့သော အသနားခံတင်ပြတိုင်ကြားစာအပေါ် ဦးဆောင်ညွှန်ကြားရေးမှူး၏ ဖြေရှင်းချက်မှာ ကွဲလွဲနေပါ၍ အပြုသဘောဆောင် ထပ်ဆင့် အသနားခံတင်ပြတိုင်ကြားခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဓာတ်အားစနစ်မှ ဓာတ်အားရရှိသော ကျေးရွာများသည် မြို့နယ်လျှပ်စစ်ရုံးနှင့် အလှမ်းကွာဝေးခြင်းကြောင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ဓာတ်အားခကောက်ခံရာတွင် ထရန်စဖော်မာအထွက်မှ ကျေးရွာအတွင်း ပို့လွှတ်မီတာယူနစ်၏ ပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ကျခံပေးသောစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းထက်ကျော်သော ပျောက်ဆုံးယူနစ်(ကွာခြားယူနစ်)ကို ကျေးရွာမီးလင်းရေးကော်မတီက ကျခံပေးလျက်ရှိပါကြောင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း စနစ်တကျတည်ဆောက်ထားသော ကျေးရွာများ၏ ဓာတ်အားပျောက်ဆုံးမှုသည် ခုနစ်ရာခိုင်နှုန်းအတွင်းသာရှိ၍ ကွာခြားယူနစ်ပေးဆောင်ရမှုမရှိသည်ကို တွေ့ရှိရပါကြောင်း။

ယခု ကွာခြားယူနစ်များသော ကမ္ဘ-မြစ်ခြေ၊ သရက်တော ကျေးရွာအုပ်စုရှိ ကျေးရွာအချို့သည် ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းကြိုးများသည် မီးသုံးစွဲသူအင်အားနှင့် မျှတမှုမရှိခြင်း၊ ဓာတ်အားလိုင်းတစ်လျှောက် သစ်ပင်သစ်ကိုင်းများနှင့် ထိနေခြင်း၊ မြို့နယ်လျှပ်စစ်ရုံးနှင့် ဝေးကွာသဖြင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေးနိုင်မှု မရှိခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှုသည် ၃၀ ရာခိုင်နှုန်းကျော်ရှိနေခြင်းဖြစ်ပါကြောင်း။

သရက်တောကျေးရွာအုပ်စုရှိ သရက်တောရွာမ၊ အိုင်ရှည်ကျေးရွာများတွင် ဓာတ်အားလိုင်းနှင့် ထိနေသော သစ်ပင်သစ်ကိုင်းများခုတ်ခြင်း၊ ဓာတ်အားလိုင်းများကြွံခိုင်မှုဆောင်ရွက်ခြင်း၊ မီတာများစစ်ဆေးလဲလှယ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ယခင်က ဓာတ်အားပျောက်ဆုံးမှု ၃၀ ရာခိုင်နှုန်း ကျော်ရှိရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ဓာတ်အား ပျောက်ဆုံးမှုများစွာ ကျဆင်းလာပါကြောင်း။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်း မေးမြန်းစဉ်။ (သတင်းစဉ်)

မြစ်ခြေ-သရက်တောအုပ်စုရှိ ကွာခြားယူနစ်များသော တိုးချဲ့(၃)နှင့် ထန်းတောချောက်ကျေးရွာများသည် ဓာတ်အားပျောက်ဆုံးမှု များပြားနေသဖြင့် ၁၀ ရာခိုင်နှုန်းထက်ကျော်သော ဓာတ်အား ပျောက်ဆုံးမှုအတွက် ကွာခြားယူနစ်များကို ကျခံပေးဆောင်နေရခြင်းကြောင့် အခြားရွာများနည်းတူ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆောင်ရွက်ရမည့် လုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရှင်းလင်းခဲ့ပါကြောင်း၊ ရှင်းလင်းမှုအပေါ် သိရှိလက်ခံကြပြီး ကျေးရွာလူထုသည် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းတိုင်များ၊ လိုင်းကြိုးများ ပြုပြင်တည်ဆောက်ခြင်း၊ ဒီဂျစ်တယ်မီတာများ ပြောင်းလဲတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းနှင့်ထိနေသော သစ်ပင်သစ်ကိုင်းများရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ ကျေးရွာများအတွင်း ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများ၊ အိမ်သုံးမီတာများကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ကျေးရွာများအတွင်း ဓာတ်အား ပျောက်ဆုံးမှုသည် ယခင် ၃၀ ရာခိုင်နှုန်းရှိရာမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ခွင့်ပြုထားသော ၁၀ ရာခိုင်နှုန်းအတွင်း ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်ပါအတိုင်း ကျေးရွာများတွင် အိမ်သုံးမီတာဖတ်ချက်အတိုင်း ပေးဆောင်နိုင်စေရန် ဆောင်ရွက်ပေးထားပါကြောင်း။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် ဓာတ်အားသုံးစွဲသူများက မီတာခနှင့် မီးဆက်ခပေးသွင်းရာတွင် ငွေရပြေစာများဖြင့် လက်ခံပါကြောင်း၊ ယင်းရငွေများကို ဝန်ကြီးဌာန၏ ရငွေအဖြစ် တရားဝင် နိုင်ငံတော် ***စာမျက်နှာ ၁၀ ကော်လံ ၁ သို့***

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စစ်တွေမြို့သို့ရောက်ရှိ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၈

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်တို့နှင့်အတူ မေ ၂၇ ရက် ညနေပိုင်းက စစ်တွေမြို့နယ် ဆတ်ရိုးကျ ရခိုင်ကယ်ဆယ်ရေးစခန်း၌ ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန် ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ပြန်လည်မြှင့်တင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကော်မတီအလိုက် ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော်ကို နိုင်ငံတော်အနေဖြင့် ကျခံသုံးစွဲခဲ့ပါကြောင်း၊ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက်လည်း ငွေကျပ်သိန်းပေါင်း ၁၁၀၀၀ ကျော် ကျခံသုံးစွဲသွားရန် လျာထားပြီးဖြစ်ပါကြောင်း စသည့်နိုင်ငံတော်မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သော လုံချည် (ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက်စသည့် တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒေသခံပြည်သူများ၏ တင်ပြချက်အရ ဆတ်ရိုးကျရခိုင်ကယ်ဆယ်ရေးစခန်းရှိ စာသင်ကျောင်းတွင် ကျောင်းသား ၃၃၇ ဦး တက်ရောက်လျက်ရှိပြီး ကျောင်းဆောင်တစ်ဆောင်တည်းဖြင့် လုံလောက်မှုမရှိသဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ပြည်ထောင်စုဝန်ကြီးက ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ခေါင်းဒုက္ခာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သော လုံချည်(ကျား/မ)၊ အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ စွပ်ကျယ်နှင့် အပ်ချုပ်စက်စသည့် တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းကာ ဒေသခံများ၏ တင်ပြချက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ရခိုင်တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (AFDC)၏ တင်ပြချက်အရ ရခိုင်ပြည်နယ် ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် မောင်တောမြို့နယ်တို့မှတောင်သူလယ်သမားများအတွက် စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော လယ်ထွန်စက် (မြင်းကောင်ရေ-၉၀)အစီး ၂၀ ကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✺ ရှေ့ဖုံးမှ

နှစ်နိုင်ငံသဘောတူညီမှုများကို ယခုအပတ်အတွင်း ချုပ်ဆိုထားခဲ့ပြီး ပထမအကြိမ် လေယာဉ်တိုက်ရိုက်ခရီးစဉ်များကို နှစ်နိုင်ငံအကြား ၂၀၁၄ ခုနှစ်အတွင်း စတင်ပြေးဆွဲနိုင်ရန် ရည်ရွယ်ထားသည်။ "ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရနဲ့မြန်မာအစိုးရတို့ ပူးပေါင်းပြီး နှစ်နိုင်ငံလေကြောင်းဆိုင်ရာ သဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ပြီဖြစ်လို့ တိုက်ရိုက်လေကြောင်းခရီးစဉ်တွေ စတင်ပျံသန်းတော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖိလစ်ပိုင်အစိုးရနဲ့ လေကြောင်းဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို ၁၉၇၉ ခုနှစ်မှာ ပထမအကြိမ်ချုပ်ဆိုထားခဲ့ဖူးပါတယ်။ ယခုချုပ်ဆိုဖြစ်ခဲ့ရတာကတော့ တိုက်ရိုက်လေကြောင်းပြေးဆွဲခြင်းဆိုင်ရာတွေအတွက်ဖြစ်ပါတယ်။ စာချုပ်အဟောင်းကိုပြင်ဆင်ချုပ်ဆိုရခြင်းဖြစ် ပါတယ်"ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေထွန်းက ပြောကြားသည်။

ထို့အပြင် တိုက်ရိုက်လေကြောင်းခရီးစဉ်များ ဆောလျင်စွာစတင်နိုင်ရန်အတွက် လေကြောင်းလိုင်းလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများအကြား ဆောင်ရွက်ရန်ရှိပြီး လေကြောင်းလိုင်းများ၏ ဈေးကွက်အခြေအနေများနှင့် ပြေးဆွဲနိုင်မှုများ၊ ခရီးစဉ်များကို ညှိနှိုင်းသွားရန်ရှိကြောင်း သိရသည်။ အာဆီယံနိုင်ငံများအချင်းချင်း ကူးသန်းရောင်းဝယ်ရေးနှင့်ဆက်သွယ်ရေး ပိုမိုလွယ်ကူလာစေရန်အတွက် ရည်ရွယ်ထားပြီး မြန်မာနိုင်ငံသို့ ဒေသတွင်းနိုင်ငံများမှ ဝင်ရောက်မှုနှုန်းများမြင့်တက်လာခြင်းကိုလည်း ကူညီရာရောက်မည့် လေကြောင်းခရီးစဉ်အသစ်ဖြစ်သည်။ လေကြောင်းလိုင်းလုပ်ငန်းများနှင့်ဆွေးနွေးညှိနှိုင်းမှုများကို ဇွန်လဆန်းမှစတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာခင်လအနည်းငယ်အတွင်း တိုက်ရိုက်အစီအစဉ်အား စတင်ပြေးဆွဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာတွင်ပြုလုပ်သည့် မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်စခန်းအဆောက်အအုံ လှူဒါန်းခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြူးမြို့နယ် ညောင်ပင်သာရွာသို့ မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်စခန်းအဆောက်အအုံလှူဒါန်း

နေပြည်တော် မေ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေလတတိယပတ်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာတွင်ပြုလုပ်သည့် မီးသတ်ယာဉ်တစ်စီးနှင့် မီးသတ်စခန်းအဆောက်အအုံ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်သရုပ်ပြ ပက်ဖျန်းခြင်းကိုကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီးသတ်ယာဉ်နှင့် အဆောက်အအုံလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးသတ်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တာဝန်ရှိသူ ထံလွှဲပြောင်းပေးအပ်သည်။

မီးသတ်ယာဉ် တစ်စီးနှင့် အဆောက်အအုံ လှူဒါန်းကြသော အလှူရှင်များမှာ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း ၅၀၊ IBTC ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း ၅၀၊ Fortune International ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း ၅၀၊ CB Bank ကုမ္ပဏီလီမိတက်က အလှူငွေကျပ်သိန်း ၃၀ နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ် ၂၅ သိန်း စုစုပေါင်း ၂၀၅ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စာရေးကိရိယာနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးသီတင်းပတ်တွင် ကျောင်းနေအရွယ်ကလေးများအား စာရေးကိရိယာနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် လယ်ဝေးမြို့နယ် ဗောဓိကုန်းကျေးရွာ အမှတ် (၂၃)အခြေခံပညာမူလတန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကများ၏ လမ်းညွှန်ချက်နှင့်အညီ စံပြကျောင်းအဖြစ် ရပ်တည်နိုင်ရန် မူလတန်းကျောင်းနေ ကျောင်းသား ကျောင်းသူများအား လိုအပ်သည့် သင်ထောက်ကူ ပစ္စည်းများပံ့ပိုးမှုများ၊ ကျောင်းအင်္ဂါရပ်နှင့် အညီရှိစေရေးတို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကူညီပံ့ပိုးသွားရန် ရည်ရွယ်ပါကြောင်း၊ နောင်အနာဂတ်တွင် ပညာတတ်လူတော်လူကောင်းများဖြစ်ထွန်းစေရန် သားငယ်/သမီးငယ်များကလည်း ကျောင်းပျော်ကလေးများ၊ စာတော်ကလေးများဖြစ်စေရန် ကြိုးပမ်းကြစေလိုကြောင်း၊ ယခုကျောင်းအပ်နှံရန် ရောက်ရှိနေကြသော မိဘများမှလည်း သားသမီးများအား ပညာရေးပြီးဆုံးသည်အထိ ကြုံတွေ့ရင်ဆိုင်ရမည့်အခက်အခဲများကိုကျော်လွှားပြီး မိဘတို့၏ဝတ္တရားနှင့်အညီ ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ယခုလှူဒါန်းသည့်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် တစ်ဦးလျှင် လွယ်အိတ်တစ်လုံး၊ ဗလာစာအုပ်သုံးအုပ်၊ ခဲတံ၊ ပေတံနှင့် ခဲဖျက်တို့ကိုလည်း သားတို့ သမီးတို့မှ စနစ်တကျ စည်းကမ်းရှိရှိသုံးစွဲကြရန် မှာကြားလိုပါကြောင်းနှင့် တစ်ဦးလျှင် ငွေကျပ် ၃၆၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် သုံးသိန်းငါးသောင်းခန့် လှူဒါန်းခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ပညာရေးအထောက်အကူပြု ပစ္စည်းများကို ကျောင်းသား ကျောင်းသူ လက်ဝယ်အရောက် အသီးသီးပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် ဗောဓိကုန်းကျေးရွာ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အိတာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အဖွဲ့ချုပ်မှတာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကျောင်းအပ်နှံနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု

မီတာများနှင့် ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ မြန်ဆန်စွာတပ်ဆင်အသုံးပြုနိုင်ရန်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အလေးထားပြေလျှော့ ဆောင်ရွက်ပေးလျက်ရှိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မီတာများနှင့် ထရန်စဖော်မာများ လျှောက်ထားမှုနှင့်ပတ်သက်၍ ဓာတ်အားသုံးစွဲမည့်သူများအား မြန်ဆန်စွာတပ်ဆင်အသုံးပြုနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်-

- ➢ အိမ်သုံးမီတာလျှောက်ထားပါက သတ်မှတ်ထားချက်များနှင့် ပြည့်စုံလျှင် နေ့ချင်းပြီးနှင့်လျှောက်ထားပြီးနောက်တစ်ရက် အပြီးတပ်ဆင်ပေးလျက်ရှိပါသည်။
- ➢ ယာယီမီတာ၊ အိမ်သုံးပါဝါမီတာ၊ စက်မှုသုံးပါဝါမီတာလျှောက်ထားပါက သတ်မှတ်ချက်များနှင့် ပြည့်စုံလျှင် ငါးရက်အတွင်း တပ်ဆင်ပေးလျက်ရှိပါသည်။
- ➢ ထရန်စဖော်မာလျှောက်ထားပါက တစ်လအတွင်းစိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးလျက်ရှိပါသည်။
- ➢ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအတွက် ထရန်စဖော်မာလျှောက်ထားပါက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁) သစ္စာလမ်းတွင် ဖွင့်လှစ်ထားသော One Stop Serviceရုံး (သို့မဟုတ်)သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ချက်များနှင့် ပြည့်စုံသောလျှောက်လွှာများအား ငါးရက်အတွင်း ခွင့်ပြုမိန့်ကို မြန်ဆန်စွာထုတ်ပေးလျက်ရှိပါသည်။
- ➢ မီတာ/ထရန်စဖော်မာများလျှောက်ထားရာတွင် ပေးသွင်းရမည့် Infrastructure သတ်မှတ်ကြေး၊ အာမခံစဘော်ငွေ၊ ကြိုးသွယ်ခ/ ကြိုးဆက်ခ၊ ကြိုးကြပ်ခ၊ အုပ်ချုပ်မှုစရိတ်၊ မှတ်ပုံတင်ကြေး၊ Composite Box (မီတာထည့်သည့်ပုံး)စသည့် သတ်မှတ်ကြေးများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌သာ ပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတိုင်းတွင် ကြေညာထားပါကြောင်းနှင့် မီတာများ၊ ထရန်စဖော်မာများ တပ်ဆင်အသုံးပြုခွင့်လျှောက်ထားရာတွင် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၁၉၂၊ ၀၆၇-၄၃၁၁၉၃၊ ၀၁-၂၂၂၁၈၄၊ ၀၁-၂၃၀၁၈၅၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လူထုဆက်သွယ်ပြန်ကြားရေးအခန်းကဏ္ဍ တိုးမြှင့်နိုင်ရန် Indonesia-Myanmar Bilateral Inter-media Dialogue ကျင်းပ

ရန်ကုန် မေ ၂၈

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လူထုဆက်သွယ်ပြန်ကြားရေးအခန်းကဏ္ဍ တိုးမြှင့်နိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အင်ဒိုနီးရှားအမျိုးသားသတင်းထုတ်ပြန်ရေးအဖွဲ့နှင့်မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သည့် Indonesia -Myanmar Bilateral Inter-media Dialogue ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E. Dr. Ito Sumardi က နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီစနစ်တည်တံ့ခိုင်မြဲပြီး တည်ငြိမ်အေးချမ်းမှုရရှိရန် မီဒီယာသည် စတုတ္ထမဏ္ဍိုင်အဖြစ် မရှိမဖြစ်အရေးပါကြောင်း၊ ယနေ့ ဆွေးနွေးချက်များမှ နှစ်နိုင်ငံအကြား အပြန်အလှန်သင်ခန်းစာယူစရာများ ရရှိနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံ၏အနာဂတ်မီဒီယာဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော မီဒီယာဆွေးနွေးပွဲ၌ နိုင်ငံတည်ဆောက်ရေးတွင် မီဒီယာ၏ တာဝန်ရှိမှု၊ ပဋိပက္ခဖြေရှင်းရာတွင် မီဒီယာသတင်းရယူမှုနှင့် ဒီမိုကရေစီအသိုင်းအဝိုင်းတွင် သတင်းလွတ်လပ်မှုအပေါ် စည်းစနစ်တကျထိန်းညှိခြင်းဟူသည့် အပိုင်းသုံးပိုင်းဖြင့် အင်ဒိုနီးရှားနှင့်မြန်မာသတင်းမီဒီယာသမားများက အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က "အင်ဒိုနီးရှားမှာ ပြုပြင်ပြောင်းလဲမှုတွေ စလုပ်တုန်းက မစဉ်းစားခဲ့တဲ့ပြဿနာတွေရှိတယ်။ မီဒီယာလက်ဝါးကြီးအုပ်မှုဖြစ်ပါတယ်။ အခု အင်ဒိုနီးရှားမှာ မီဒီယာကုမ္ပဏီ လေးငါးခုကပဲ ချုပ်ကိုင်ထားတဲ့ သဘောဖြစ်နေတယ်။ ပရိသတ်တွေအနေနဲ့ ကွဲပြားခြားနားတဲ့ သတင်းအချက်အလက်တွေကို ရရှိနိုင်ဖို့ နည်းသွားတာပေါ့။ မီဒီယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းဟာ တစ်ရက်တစ်မနက်တည်းနဲ့ လုပ်လို့ရတဲ့ အရာမဟုတ်ပါဘူး။ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်ရုံနဲ့လည်း ပြည့်စုံလုံလောက်သွားတာ မဟုတ်ပါဘူး။ ဘယ်လောက်ပဲ စိန်ခေါ်မှုတွေရှိရှိ၊ အခက်အခဲတွေရှိရှိ ကျွန်တော်တို့ရအောင် ကျော်လွှားသွားပါမယ်။ ဒီလိုကျော်လွှားတဲ့အခါမှာ ကျွန်တော်တို့တစ်တွေချည်း လုပ်လို့မရပါဘူး။ စာနယ်ဇင်းလောကသားတွေလည်း ပါဝင်ရပါမယ်။ တစ်ဖက်က စားသုံးသူလို့ ပြောလို့ရတဲ့ ပြည်သူတွေက ကျွန်တော်တို့ အစိုးရမီဒီယာတွေကိုရော ပုဂ္ဂလိက မီဒီယာတွေကိုပါ ဝေဖန်သုံးသပ် အကဲဖြတ်ပေးရပါမယ်။ သူတို့ရဲ့ အကဲဖြတ်မှုရှိမှလည်း ပိုပြီးတော့ အရည်အသွေးကောင်းတဲ့ မီဒီယာတွေပေါ်ထွက်လာမှာဖြစ်ပါတယ်"ဟု ယနေ့ပြုလုပ်သည့် Indonesia-Myanmar Bilateral Inter-media Dialogue နှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲကို ဒုတိယနေ့အဖြစ် မေ ၂၉ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် မတ်လကလည်း အမေရိကန်နိုင်ငံအခြေစိုက် East-West Center (EWC)က စီစဉ်သော "စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ သတင်းမီဒီယာ ညီလာခံတစ်ခုကို လက်ခံကျင်းပခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူကြိုအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး မိဘအားလုံးဆောင်ရွက်ပေး

မိဘပြည်သူများအနေဖြင့် အသက် ၃နှစ်မှ ၅ နှစ်အရွယ် မူကြိုကလေးများ၏ ကာယဖွံ့ဖြိုးမှု၊ ဉာဏဖွံ့ဖြိုးမှု၊ စာရိတ္တဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုနှင့် စိတ်ခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု စသည့် ဘက်စုံဖွံ့ဖြိုးမှုများရရှိစေပြီး ဘဝတစ်သက်တာ အခြေခံကောင်းများရရှိစေရန် မူလတန်းကြိုကျောင်းများသို့ အပ်နှံရန် အထူးလိုအပ်ပါသည်။

သို့ပါ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများ၊ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မူလတန်းကြိုအတန်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းများသို့ သွားရောက်အပ်နှံပေးနိုင်ရေး မိဘပြည်သူအားလုံးသို့ အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ယခုနှစ်တွင် မူကြိုကျောင်းအပ်နှံနှုန်းနှင့် ဖြည့်ဆည်းပေးရန်လိုအပ်မည့် သတင်းအချက်အလက် စုဆောင်းရယူခြင်း၊ အရည်အသွေးရှိသော ဆရာ ဆရာမများ လေ့ကျင့်သင်ကြားပေးရေးအတွက် မူကြိုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ပြင်ဆင်ဆောင်ရွက်၍ လာမည့်နှစ်များတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

အခြေခံပညာကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

ပျဉ်းမနား မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အခြေခံပညာကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်ရှိ အမှတ်(၁၂၉) အခြေခံပညာမူလတန်း ခေမာသီဝံကျောင်း၌ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အထက(၁)နှင့် အထက(၃)တို့မှ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းနှင့် ဇာတိမာန်သီချင်းများဖြင့် ဂုဏ်ပြုသီဆိုသည်။ ပျဉ်းမနားမြို့နယ်အတွင်းရှိ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်နှင့် ထောက်ပံ့ငွေကျပ် ၁၀၀၀ တို့ကို ကျောင်းလာအပ်သူများထံ ပေးအပ်သည်။ ကျောင်းလာအပ်သူ မိဘတစ်ဦးက "အခုလိုအခမဲ့ပညာသင်စနစ်ဖြစ်တဲ့အတွက် ကျောင်းသုံး ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်ကို အခမဲ့ရတော့ဝမ်းသာပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ နေပြည်တော် ပညာရေးမှူး ဦးမြင့်ဇော်၊ (ခေတ္တ)မြို့နယ် ပညာရေးမှူး ဒေါ်တင်မာဝင်း၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးမြို့နိုင်နှင့် တာဝန်ရှိသူများအဖွဲ့သည် ကျောင်းအပ်နှံမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)ရှိ ကမာရွတ်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် အလှူငွေများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ဆောင်ရွက်ပေး

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ၂၀၁၄ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးစည်းရုံးလှုပ်ရှားမှုကို အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍-

- သန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြား ဦးရေစာရင်းအား မြို့နယ်ရပ်ကွက်ကျေးရွာအလိုက် ကောက်နုတ်ပြုစုနိုင်ရေး
- မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဝင်များသည် ရပ်ကွက်ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့်ပူးပေါင်း၍ ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေးစည်းရုံးဆောင်ရွက်နိုင်ရေး
- ကျောင်းအပ်နှံမှု ရက်သတ္တပတ်ပြီးဆုံးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြားဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့် ဦးရေတို့ကိုနှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွက်ချက်နိုင်ရေး
- အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်း ကောက်ယူ၍ ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်နိုင်ရေး
- ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့် အချက်အလက်များကောက်ယူပြီး (Non-Formal Education)ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်နိုင်ရေးအတွက်

ပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ အမျိုးသားရေးလှုပ်ရှားမှုတွင် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန

နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးပညာရေး သင်တန်းများ တက်ရောက်ရန် ဖိတ်ခေါ်ခြင်း

အဌမတန်းနှင့်ဒသမတန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက်မတက်ရောက်နိုင်သော ကလေးများသည် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားခြင်းဖြင့် ပြည်တွင်းပြည်ပ၌အလုပ်အကိုင်နှင့်လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်သည့် အခွင့်အလမ်းများရှိပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနအစရှိသည့် ဝန်ကြီးဌာန ၁၅ ခုတွင် အသက်မွေးဝမ်းကျောင်းသင်တန်းအမျိုးအစားပေါင်း ၄၂၄ မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသဖြင့် အသက်မွေးဝမ်းကျောင်း အထက်တန်းကျောင်းများ၊ သိပ္ပံများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တက်ရောက်နိုင်သော အသက်မွေးဝမ်းကျောင်းသင်တန်းများအား နိုင်ငံပိုင်သတင်းစာများ၏ အပတ်စဉ် တနင်္ဂနွေအချပ်ပိုတွင် ထည့်သွင်းကြော်ငြာသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆၊ ရန်ကုန် ဖုန်း- ၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

စာပေဗိမာန်စာမူဆု ၂၀၁၃ ဘာသာပြန်စာမူဆုအတွက်ပြဋ္ဌာန်း

ရန်ကုန် မေ ၂၈

၂၀၁၃ ခုနှစ်အတွက် စာမူပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူအတွက် Cecilia Friend and Jane B.Singer တို့ ပြုစုရေးသားသည့် Online Journalism Ethics Traditions and Transitions စာအုပ်ပါ အခန်းသုံးခန်းကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။ အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉-၅၃၁ စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့် ပုံစံဖြင့်သာ လက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ် ၁၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေအုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၀၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ၁၅-၉-၂၀၁၄ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

စာမျက်နှာ ၇ မှ

ဘဏ္ဍာသို့ ပေးသွင်းပါကြောင်း၊ မီတာခနှင့်မီးဆက်ခ ပေးသွင်းရာတွင် ပြေစာမရပါက မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ပြေစာတောင်းခံနိုင်ပါကြောင်း၊ ပြေစာမရရှိကြောင်းကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အကြောင်းကြားပါက အရေးယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **''လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ (၁၀)နှစ်ကျော်ကြာ လုပ်ကိုင်ခွင့်ပြုခဲ့သော လျှပ်စစ်မီတာများကို ဌာနပိုင်မီတာ ပြောင်းလဲတပ်ဆင်ရမည်ဟုအကြောင်းပြ၍ ငွေကြေးထပ်မံကောက်ခံနေခြင်း''** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဇုန်အတွင်း တပ်ဆင်ထားသော မီတာများသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုထားသော မီတာများ မဟုတ်ခြင်း၊ လျှပ်စစ်စမ်းသပ်ရေးဌာန (Test Lab)မှ စစ်ဆေးအတည်ပြုပြီး မှတ်ပုံတင်ထားသောမီတာများ မဟုတ်ခြင်းကြောင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လွှဲပြောင်းရယူမည်ဆိုပါက ဝန်ကြီးဌာန၏ မူဝါဒသတ်မှတ်ချက်အရ တရားဝင်မီတာအားလုံး မဖြစ်မနေ တပ်ဆင်ရမည်ဖြစ်သဖြင့် Sub မီတာများအား တရားဝင်မီတာများဖြင့် တပ်ဆင်ပြီးမှသာ လက်ခံနိုင်မည်ဖြစ်ပါကြောင်း။

မြို့တော်စည်ပင်နှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၏ အစီအမံဖြင့် ဒဂုံမြောက်ပိုင်း စက်မှုဇုန်အတွင်းရှိ လုပ်ငန်းရှင်အသီးသီးမှ Single Phase Meter အလုံး ၁၆၀ နှင့် 3 Phase 4 Wire ပါဝါမီတာ ၁၄၆ လုံးအား ဝန်ကြီးဌာနမှ စစ်ဆေးမှတ်ပုံတင်ပြီးဖြစ်မည့် တရားဝင်မီတာဖြင့် ပြောင်းလဲတပ်ဆင်ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခင်တပ်ဆင်အသုံးပြုနေသော မီတာများမှာ မိမိဌာနမှ တပ်ဆင်ပေးထားသော တရားဝင်မီတာများမဟုတ်သဖြင့် ဌာနမှ သုံးစွဲခဓာတ်အားခကောက်ခံနိုင်ရန် တရားဝင်စစ်ဆေး မှတ်ပုံတင်ထားသော မီတာများဖြင့် လုပ်ထုံးလုပ်နည်းအရ လဲလှယ်တပ်ဆင်ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း နှစ်ခုတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် မေ ၂၈

Myanmar Development Resource Institute- Centre for Economic and Social Development (MDRI-CESD) သင်တန်းမှ ကြီးကြပ်သူနှင့်သင်တန်းသား သင်တန်းသူ ၃၂ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

❁ ကျောဖုံးမှ

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကိုကိုသိန်း၊ လက်ရွေးစင် ဘောလုံးသမားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ နေပြည်တော် ဘောလုံးအကယ်ဒမီကျောင်းအုပ်ဦးဝင်းမြင့်နှင့် ကိုကာကိုလာမြန်မာမှ ဈေးကွက် ရှာဖွေရေး ဒါရိုက်တာ မစ္စတာ ဂိုမဲဖန်တယ်ဗယ်လာတို့က သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်သူ ဦးတင်အောင်(ဂိုး) က အမှတ်တရ လက်ဆောင်များပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လူငယ်ဘောလုံးအခြေခံသင်တန်း (၁/၂၀၁၄)ကို မေ ၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၀ ကျော် တက်ရောက်ခဲ့သည်။ လူငယ် ဘောလုံးအခြေခံသင်တန်းများကို ရန်ကုန်မြို့တွင်သာမက နယ်မြို့များတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီ ကာတွန်းပိုစတာပြိုင်ပွဲကျင်းပ

ပျဉ်းမနား မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမနှင့် စာသင်ခန်း(၂၂) ၌ မေ ၂၇ ရက် နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီကာတွန်းပိုစတာပြိုင်ပွဲကျင်းပရာ**(ဓာတ်ပုံ)** နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်၊ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူးဒုရဲမှူးကြီး ဝင်းချွန်နှင့် ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်တို့က လာရောက်ကြည့်ရှုကြသည်။

ပြိုင်ပွဲကို မြို့နယ်ရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အဖွဲ့ဝင်များဖြစ်သော ဆရာဦးဝင်း၊ ဦးစိုးကိုကို ၊ ဒေါ်မြင့်မြင့်သိန်းတို့က ကြီးကြပ်ဆောင်ရွက်ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ အထက်တန်းအဆင့် ၁၅ ဦး၊ အလယ်တန်းအဆင့် ၂၂ ဦး၊ မူလတန်းအဆင့် ၂၃ ဦး စုစုပေါင်း ၆၀ ယှဉ်ပြိုင်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

မြိတ်မြို့မှ ရေကန်အော်ကျေးရွာသို့ ထွက်ခွာသည့် ခရီးသည်တင်စက်လှေတစ်စင်း နစ်မြုပ်

ကျွန်းစု မေ ၂၈

မြိတ်မြို့မှ ရေကန်အော်ကျေးရွာသို့ ထွက်ခွာသည့် ခရီးသည်တင် စက်လှေတစ်စင်းသည် ခရီးသည် ၆၀ ခန့်နှင့် ကုန်ပစ္စည်းများတင်ဆောင်လျက် လှေပိုင်ရှင် ဦးစိုးပိုင် မောင်းနှင် လာစဉ် မေ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါခရီးသည်တင်စက်လှေသည် မြိတ်မြို့မှ နံနက် ၈ နာရီခွဲက ရေကန်အော်ကျေးရွာသို့ ထွက်ခွာလာရာ ကော်လန်ကျေးရွာနှင့် သဲဖြူကျွန်း ကျေးရွာအကြားရေပြင်တွင် လှိုင်းကြီး၍ နစ်မြုပ်သွားခဲ့သည်။

အဆိုပါ စက်လှေနစ်မြုပ်ရာသို့ သဲဖြူကျွန်းကျေးရွာနှင့် မအူတောင်ကျေးရွာ နေပြည်သူများက စက်လှေများဖြင့် လာရောက်ကူညီကယ်ဆယ်မှုကြောင့် လှေပေါ်ပါ ခရီးသည်အားလုံး ကယ်ဆယ်နိုင်ခဲ့ပြီး ဒဏ်ရာရ၊ သေဆုံး ပျောက်ဆုံးသူမရှိကြောင်း သိရသည်။

စက်လှေနစ်မြုပ်မှုကြောင့် အလျား ၄၅ ပေ၊ အနံ ၁၀ ပေ စက်လှေ တန်ဖိုး ငွေကျပ် သိန်း ၄၀ ခန့်နှင့် စက်လှေပေါ်ပါ ကုန်ပစ္စည်းများတန်ဖိုး ငွေကျပ် သိန်း ၅၀ ခန့် ဆုံးရှုံးသွားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကံကောင်းလှသည့်ကလေးတွေ မိုးကြိုးဘေးမှလွတ်

သတင်း – မောင်ကျော်ကြီး
ဓာတ်ပုံ – သက်ထက်

နေပြည်တော် မေ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ရင်ခွဲပင်ကျေးရွာတွင် မေ ၂၈ ရက် ည ၇ နာရီခွဲခန့်က မိုးအဆက်မပြတ် ရွာသွန်းပြီး မိုးကြိုးပစ်ချခဲ့ကြောင်း သိရသည်။

အဆိုပါမိုးကြိုးပစ်မှုကြောင့် ရင်ခွဲပင်ရွာနေ ကိုကျော်ဦး၊ မရွှေ မြင့်မူတို့၏ နေအိမ်ကို မိုးကြိုးသွားထိမှန်ရာ အိမ်အတွင်းရှိ မိခင်နှင့်အတူ ကလေးလေးယောက်တို့အိပ်နေသည့်အခန်း၏ ခေါင်းရင်းတိုင်ကိုထိမှန်ပြီး ထရံပေါက်ထွက်သွားကြောင်း မရွှေမြင့်မူ၏ပြောပြချက်အရ သိရသည်။

"ည ၇ နာရီလောက်မှာ မိုးတွေကရွာလာတယ်၊ ပြီးတော့ လျှပ်စီးလက်၊ မိုးတွေခြိမ်းလာလို့ ကလေးတွေ ကြောက်နေမှာစိုးပြီး သူတို့အနားမှာ ခြင်ထောင်ထောင်ပေးနေချိန် အခုလို မိုးကြိုးပစ်တာပါပဲ၊ ခြင်ထောင်ထောင်ပေးနေတုန်း အသံအကျယ်ကြီးနဲ့ မီးလုံးကြီးက ကျွန်မတို့နားက ထွက်သွားတာပါ၊ အလွန်လန့်သွားပါတယ်၊ ကလေးတွေဆိုရင် သတိမေ့သွားတဲ့အထိ ဖြစ်သွားတာ၊ အခုထိ ကလေးတွေ အကြောက်လွန်နေတယ်၊ ချွေးပြန်ပြီး စကားမပြောနိုင်သေးဘူး" ဟု ပြောပြသည်။

ပျက်စီးသွား

အဆိုပါ မိုးကြိုးပစ်မှုကြောင့် လူအသေအပျောက်မရှိ၊ ဒဏ်ရာရရှိမှု မရှိဘဲ သုံးပင်ပတ်လည်အိမ်ရှိ အလယ်တိုင်တစ်လုံးနှင့် ထရံများသာ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဇေယျာ သီရိ မြို့နယ် ရင်ခွဲပင် ကျေးရွာ အိမ်၌ မိုးကြိုးပစ်ခံရသည့် အိမ်တိုင်ကို တွေ့ရစဉ်။

ကျိုင်းတုံမြို့တွင် မိုးသည်းထန်၊ လေပြင်းတိုက်

ကျိုင်းတုံ မေ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ယမန်နေ့ညနေ ၄ နာရီမှ ၄ နာရီ မိနစ် ၄၀ ခန့်အထိ မိုးသည်းထန်စွာရွာသွန်းပြီးနောက် လေပြင်းတိုက်ခတ်၍ မြို့တွင်းလမ်းဘေးရှိ သစ်ပင်အချို့လဲပြိုခြင်း၊ တယ်လီဖုန်းတိုင်နှင့် လျှပ်စစ်ဓာတ်တိုင်အချို့လဲပြိုခြင်း၊ အထက(၂)ကျောင်းဝင်းအတွင်းရှိ အလျားပေ ၁၂၀၊ အနံ ပေ ၄၀၊ အမြင့် ၂၅ ပေရှိ အဆောင်တစ်ခု အမိုးလန်ထွက်သွားခဲ့ခြင်းတို့ဖြစ်ခဲ့ပြီး လူများထိခိုက်မှုမရှိဘဲ သက်ဆိုင်ရာတာဝန်ရှိသူများက အပျက်အစီးများကို ပြန်လည်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်သည်။

လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အကြားရှိပြီး မိုးရေချိန် ၄၃ မီလီမီတာရှိကြောင်း ကျိုင်းတုံမိုးလေဝသဌာနနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

မောင်မောင်နိုင်(iprd)

မောင်တောနယ်စပ်၌ ပစ်ခတ်မှုဖြစ်ပွား

နေပြည်တော် မေ ၂၈

ယနေ့နံနက် ၉ နာရီ ၅ မိနစ်ခန့်တွင် ရခိုင်ပြည်နယ်မောင်တောမြို့နယ် နယ်စပ်ခြံစည်းရိုး မိုင်တိုင်အမှတ် (၅၁) နှင့် (၅၂) အကြား၌ လုံခြုံရေးတပ်ဖွဲ့မှ လမ်းလုံခြုံရေးဆောင်ရွက်နေစဉ် အဝါရောင်ပြောက်ကျား ယူနီဖောင်းဝတ်ဆင်ထားသည့် ဘင်္ဂါလီနှစ်ဦးက နယ်စပ်ခြံစည်းရိုးပေ ၈၀ ခန့်အကွာသို့ချဉ်းကပ်လာပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အမ် ၂၂ တစ်လက်၊ ၄င်းကျည် ၉၈ တောင့် သိမ်းဆည်းရမိကြောင်း၊ ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ခုံးကျော်တံတား၊ ချောင်းကူးတံတားများ တည်ဆောက်ရေးအတွက် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) မြေနီကုန်းလမ်းဆုံခုံးကျော်တံတား
- တံတားအရှည် ၆၅၀ မီတာ၊ ၂၁၃၂.၆၅ ပေ
- တံတားအကျယ် ၁၄.၅ မီတာ၊ ၄၇.၆ ပေ

(ခ) ဒေါပုံမြို့နယ်နှင့် သဃ်န်းကျွန်းမြို့နယ်ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူးတံတား
- တံတားအရှည် ၃၀၀ မီတာ၊ ၉၈၄.၃ ပေ
- တံတားအကျယ် ၁၂ မီတာ၊ ပေ ၄၀
- ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၆ ပေ

၂။ တံတားတစ်ခုချင်းစီအတွက် အောက်ပါအချက်များ ပြည့်စုံရမည်။

Minimum Lane Width	=	12 feet(3.7m)
Vertical Clearance	=	16 feet(4.9m)
Maximum Grade	=	4% to 4.5%
Pavement Sloping	=	at least 2.5%
Minimum Design Speed	=	50 mph
Median	=	Cable median
Minimum Number of Lanes	=	Two Lanes in each direction
Movable Design Load	=	75 Tons

Fire-Proofing Must Be Considered

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာစံချိန်၊ စံညွှန်း အဆိုပြုလွှာ TECHNICAL PROPOSAL နှင့် ဈေးနှုန်းအဆိုပြုလွှာ FINANCIAL PROPOSAL တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိတ်ပိတ်၍ ၃၀-၆-၂၀၁၄ ရက်၁၆း၀၀နာရီ နောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးထံသို့ တင်သွင်းရမည်။

၄။ သတ်မှတ်ထားသောနည်းပညာစံချိန်၊စံညွှန်းနှင့်ကိုက်ညီသည့် ကုမ္ပဏီများ၏ အဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများအား ရွေးချယ်ပါမည်။ လျှောက်လွှာတင်သွင်းရာတွင် တံတားတစ်ခုချင်းစီအတွက် စိတ်ဝင်စားကြေး ကျပ်သိန်း၁၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိပါက စိတ်ဝင်စားကြေးအား ပြန်လည်ထုတ်ပေးပါမည်။ တင်ဒါဆိုင်ရာကိစ္စရပ်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်မေးမြန်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

ဆေးပညာဟောပြောပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် သက်ပိုင်စိုးကုမ္ပဏီတို့မှ ပူးပေါင်း၍ "Update on Flu : Expert Opinion" ခေါင်းစဉ်ဖြင့် ဆေးပညာဟောပြောပွဲကို ဒေါက်တာဒေါ်ခင်ရီဦး၊ ပါမောက္ခဒေါက်တာရတနာကျော်၊ Dr.James Mark Simmerman တို့မှ အောက်ပါအစီအစဉ်အတိုင်း ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၃၁-၅-၂၀၁၄ ရက်(စနေနေ့)
အချိန် - နံနက် ၉း၀၀နာရီမှ ၁၁း၃၀နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ) ၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

စုံစမ်းရန်ဖုန်း- ၀၁-၆၆၀၉၂၃၊ ၆၆၂၇၄၉
(နေ့လယ်စာဖြင့်ဧည့်ခံပါမည်)

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ် မိတ်ဆက်ပွဲကျင်းပ

နေပြည်တော် မေ ၂၈

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အောင်မြင်မှုရရှိပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရေးအတွက် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့ အရှိန်အဟုန်ပြင်းပြင်းဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံဝူရှူး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များက အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံဂါရဝပြု မိတ်ဆက်ပွဲအခမ်းအနားကို မေ ၂၅ ရက် ည ၇ နာရီက နေပြည်တော်ရှိ Hotel Royal ACE ၌ ကျင်းပသည်။

ရှေးဦးစွာ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌသစ် ဦးသစ္စာက မိတ်ဆက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အမှုဆောင်ကော်မတီဝင်များအား မိတ်ဆက်ပေးခြင်းနှင့် အဖွဲ့ချုပ်၏အောင်မြင်မှုများ၊ ရှေ့လုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် အားကစားဝန်ကြီးဌာန၏ အဓိက တာဝန်ဖြစ်သော နိုင်ငံတကာ အိုလံပစ်ပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ အသင်းအောင်မြင်မှုရရှိ၍ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေးမှာ အားကစားဝန်ကြီးဌာနက အဓိက ပံ့ပိုးပေးလျက်ရှိသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးတို့၏ ကြိုးစားအားထုတ်မှုမှာ အဓိကဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် စင်ကာပူ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း (၃၆)မျိုး ကျင်းပမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့နှင့် မရင်းနှီးသေးသော အားကစားနည်းများနှင့် အဖွဲ့ချုပ်ပင်မရှိသေးသော အားကစားနည်းပါဝင်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါ စင်ကာပူ SEA Games အောင်မြင်ရေးအတွက် အဖွဲ့ချုပ်များ အသစ်ပြန်လည်ဖွဲ့စည်းခြင်း ထပ်မံတိုးချဲ့ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စင်ကာပူ SEA Games အောင်မြင်ရေးအတွက် ယခုကတည်းက တာဝန်ရှိသူအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးစားသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။ ဆက်လက်၍ ဝူရှူးအားကစားအဖွဲ့ချုပ်သို့ အလှူရှင်များက လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရ ဝူရှူးအားကစားသမားများက ယှဉ်ပြိုင်မှုအား သရုပ်ပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ အောင်မြင်မှု ရရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ငှားရမ်းထားသောနည်းပြများနှင့် မိတ်ဆက်ပွဲ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်အတူ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယင်းသို့ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ရာတွင် ယခုလို ငှားရမ်းတာဝန်ပေးအပ်ခဲ့သည့် နိုင်ငံခြားနည်းပြများ၏ ကြိုးစား ဆောင်ရွက်ပေးမှုမှာ အောင်မြင်မှုကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုများ ဆက်လက်ရရှိနိုင်ရေးအတွက် နည်းပြဆရာများအား ငှားရမ်းတာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး နည်းပြဆရာ ၄၆ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကြီးကြပ်ရေးမှူးသင်တန်းဆင်း

မန္တလေး မေ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ကြီးကြပ်ရေးမှူး MNL Mateh Commissioner Course သင်တန်းဆင်းပွဲကို မန္တလေးဘောလုံးအကယ်ဒမီလူငယ်လေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ မေ ၂၆ ရက် ညနေ ၅ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် Football Training Center မှ Chief Executive Officer Mr. Jey Sing Muthiah နှင့် အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားခေါင်းဆောင် ဦးစိန်ဝင်းကြီးက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား ၂၆ ဦးအား သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြန်လည်ပေးအပ်

ထို့နောက်သင်တန်းသားများက သင်တန်းပို့ချသူများအား အမှတ်တရ ကျောက်ပန်းချီကားဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပြည်တွင်းသတင်းနှင့်ဖော်ကြော်ငြာ

စွန့်လွှတ်သည့်မြေယာများ လွှဲပြောင်းပေးအပ်

ကျိုက်ထို မေ ၂၈

ကျိုက်ထိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ မြေယာများအား မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးငွေလွင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြ၊ သထုံခရိုင် မြေစာရင်းဦးစီးမှူး ဦးတင်အောင်ကြည်၊ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေ၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးအောင်(မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မူလမြေပိုင်ရှင်တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးငွေလွင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြန်လည်စွန့်လွှတ်သည့် မြေယာများနှင့်ပတ်သက်၍ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ် လေးမြို့နယ်အတွင်း ယာယီလယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားသူများအား မြို့နယ်အလိုက် တောင်သူများထံသို့ ပေးအပ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးငွေလွင်က မုက္ခမူကျေးရွာအုပ်စု မုက္ခမူသောင်ကွင်း ဧက ၆၀ ကို တောင်သူ ၃၀ အားလည်းကောင်း၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်ဖေမြက ကျိုက်ပိကျေးရွာအုပ်စု OSS သောင်ကွင်း ၄၈ ဧကကို တောင်သူ ၁၂ ဦးအားလည်းကောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျိုက်ပိကျေးရွာ ကျေးရွာအုပ်စု (၁၉/ခ)သောင်ကွင်း ၃၆ ဧကကို တောင်သူကိုးဦးအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	YAMAHA 40 HP Engine Spare Parts	1 Lot

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၆-၂၀၁၄ရက် ညနေ ၁၆:၃၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၂-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် (မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	ပဲခူးခရိုင်တရားရုံး အမှုတွဲခန်း	အာရ်စီ-တစ်ထပ်
(ခ)	ပဲခူးခရိုင်တရားရုံး သက်သေနားနေဆောင်	အာရ်စီ-တစ်ထပ်
(ဂ)	သာယာဝတီခရိုင်၊ တရားရေးအရာရှိအိမ်ရာ	အာရ်စီ၊ နှစ်ခန်းတွဲ၊ နှစ်ထပ်
(ဃ)	သာယာဝတီခရိုင်နှင့် သာယာဝတီမြို့နယ် တရားရုံး၊ ဝန်ထမ်းအိမ်ရာ	အာရ်စီ၊ လေးခန်းတွဲ၊ နှစ်ထပ်
(င)	ပြည်ခရိုင်တရားရုံး၊ ဝန်ထမ်းအိမ်ရာ	အာရ်စီ၊ လေးခန်းတွဲ၊ နှစ်ထပ်
(စ)	မိုးညိုမြို့နယ်တရားရုံး၊ ဝန်ထမ်းအိမ်ရာ	အုတ်ညှပ်၊ နှစ်ခန်းတွဲ၊ တစ်ထပ်
(ဆ)	ရွှေကျင်မြို့နယ်တရားရုံး၊ဝန်ထမ်းအိမ်ရာ	အာရ်စီ၊ နှစ်ခန်းတွဲ၊ တစ်ထပ်
(ဇ)	ဝေါမြို့နယ်တရားရုံး၊ ဝန်ထမ်းအိမ်ရာ	အုတ်ညှပ်၊ နှစ်ခန်းတွဲ၊ နှစ်ထပ်
(ဈ)	ဒိုက်ဦးမြို့နယ်တရားရုံး၊ ဝန်ထမ်းအိမ်ရာ	အာရ်စီ၊ နှစ်ခန်းတွဲ၊ နှစ်ထပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၀-၅-၂၀၁၄ရက်မှ ၆-၆-၂၀၁၄ရက်အထိ ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၄ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် ဖုန်း-၀၅၂-၂၁၀၃၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ဝင်းလှိုင်မြင့် ၁၂/ဥကတ(နိုင်)၁၅၆၅၂၅ သည် မိဘတို့၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်မြင့်မြင့်စန်း

၁၂/ဥကတ(နိုင်)၁၃၄၉၁၆

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့အုပ်စု၊ ရွှေမြို့၊ အထက(၃)၊ န၀မတန်းမှ မနုနုလွင်နှင့် သပြေချောင်း အမှတ်(၅၈) မူလွန်ကျောင်း ဆဋ္ဌမတန်းမှ မရီရီထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ကြည် ၉/တကန(နိုင်)၁၃၃၂၆၆ ဖြစ်ပါကြောင်း။

ဦးထွန်းအောင်ကြည်

လူပျောက်

ဦးဂျိုးဇက် (Josep) အသက်(၄၅)နှစ် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်မည်။ ဖြားယောင်းလက်ခံထားသူ ဥပဒေအရ ထိရောက်စွာအရေးယူမည်။

ဆက်သွယ်ရန်

ဖုန်း-၀၉-၇၃၈၁၀၁၂၅၊ ၀၉-၄၃၁၀၆၆၈၂၊ ၀၉-၄၂၀၇၃၈၂၀၊ ၀၉-၅၀၉၀၈၃၀

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၅၁၀၅ KIA KM3HNP, P/U ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဇေယျာ ၉/ပဥလ(နိုင်)၀၀၀၀၆၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

မိဘအမည်မှန်

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အထက(၂) ဗဟန်း ဆဋ္ဌမတန်း(G)တွင် ပညာသင်ကြားခဲ့သော မနှင်းယုဝေ၏ မိဘအမည်မှန်မှာ ဦးကျော်မိုး ၉/မကန(နိုင်)၀၁၈၀၇၈၊ ဒေါ်သဇင်ဝင်း ၁/မမန(နိုင်)၀၁၅၆၇၈ ဖြစ်ပါသည်။

အမည်ပြောင်း

တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ ကြံ့ခိုင်ရေးလမ်း၊ အိမ်အမှတ် ပ ၆၅၊ ဦးခွန်သန်းဌေး-ဒေါ်ခင်သန်းဌေးတို့၏သမီး နန်းနွေရှင်လင်းအား နန်းနှင်းရတီဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၇၂၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခင် ၉/မလန(နိုင်)၀၉၄၉၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်းပျောက်ဆုံးကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၂၃/၂၄)နေ ဦးတင်ဆောင်၏သား ဦးသက်ကိုကို ၉/မနတ(နိုင်)၀၁၈၃၆၆ က ၎င်း၏ **ထွန်းသီတာ** ကျောက်မျက်ကုမ္ပဏီ Reg.No.002318 အမှတ်(၉၄၈)၊ ၂၀၀၃-၂၀၀၄ မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားကြောင်း လှိုင်မြို့မရဲတပ်ဖွဲ့စခန်းသို့ ၂၈-၅-၂၀၁၄ရက်၌ သွားရောက်အကြောင်းကြားထားပါသည်။

တွေ့ရှိပါက ကျွန်တော် ဦးသက်ကိုကို ဖုန်း-၀၉-၃၃၁၀၂၆၁၁၊ ၀၉-၆၅၀၅၅၅၇ တို့သို့ ဆက်သွယ်ပါရန် ကျေးဇူးဆပ်ပါမည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဟသ်ာတသို့ ယာဉ်+ကုန် ၁၆ တန်အထက်ယာဉ်များ သွားခွင့်မပြု

ရန်ကုန် မေ ၂၈

မေ ၂၂ ရက်နေ့စွဲဖြင့် ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူးရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟသ်ာတခရိုင်မှ မိုးတွင်းကာလလမ်းများမပျက်စီးစေရေး ယာဉ်+ကုန်တန်ချိန်သတ်မှတ်ချက် အကြောင်းကြားစာများကို သက်ဆိုင်ရာဌာနများ၊ မထသ (ဟသ်ာတ) ကုန်တင်ကားကြီးများအသင်းများသို့ ပေးပို့ထားသဖြင့် ယင်းစာအရ မေ ၂၃ ရက်မှ စက်တင်ဘာ ၃၀ရက်အထိ ဟသ်ာတမြို့သို့ ယာဉ်+ကုန် ၁၆ တန်အထက် ယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုကြောင်း ကုန်ကားဂိတ်မှ သိရသည်။

ဟသ်ာတခရိုင်အတွင်းရှိ လမ်းများ မိုးတွင်းကာလပျက်စီးမှုမရှိရန် နှစ်စဉ်ယာဉ်+ကုန်တန်ချိန် သတ်မှတ်မှုကို မိုးတွင်းကာလလမ်းအလိုက် ကြေညာလေ့ရှိကြောင်း၊ ဟသ်ာတ-ဇလွန်-ဓနုဖြူလမ်း၊ ဟသ်ာတ-အသုတ်-ကျောင်းကုန်းလမ်း၊ ဟသ်ာတ-ဆိုကုန်း-မြန်အောင်လမ်း၊ ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်း၊ ငဝန်တံတား(မြို့ကွင်း) ချဉ်းကပ်လမ်းတို့တွင် ယာဉ်+ကုန် ၁၆ တန်အထက်ယာဉ်များ မိုးတွင်းကာလ မေ ၂၃ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ဖြတ်သန်းသွားလာခွင့် မပြုကြောင်း၊ တလုတ္တော-လေးမျက်နှာလမ်း၊ လေးမျက်နှာ-အိုင်သပြု-ငါးသိုင်းချောင်းလမ်းတို့တွင် ရှစ်တန်အထက်ယာဉ်များ (ခရီးသည်တင်မှန်လုံယာဉ်မှအပ) ဖြတ်သန်းသွားလာခွင့်မပြုဟု သိရသည်။

ခရီးသည်တင်မှန်လုံယာဉ်များတွင် ခရီးသည်နှင့် ခရီးဆောင်လက်ဆွဲအိတ်များမှလွဲ၍ ကုန်ပစ္စည်းများတင်ဆောင်ခြင်းမပြုရန် ဖော်ပြထားသည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ယခင်နှစ် မိုးတွင်းကာလတွင် အလားတူ ယာဉ်+ကုန်တန်ချိန်သတ်မှတ်ချက် ထုတ်ပြန်ထားသော်လည်း ယာဉ်+ကုန် ၁၆ တန်အထက် ၁၀ ဘီး၊ ၁၂ ဘီး ကုန်ကားအချို့ ဓနုဖြူ-ဇလွန်အထိသွားလာနိုင်ခဲ့သည်ဟု ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကုန်စည်ရောင်းဝယ်ရေး လုပ်ငန်းများအထက်-အောက်ဖလှယ် လုပ်ကိုင်ဆောင်ရွက်မှု အများဆုံးဖြစ်သောဟသ်ာတသို့ မိုးတွင်းကာလရောက်တိုင်း ယာဉ်+ကုန် ၁၆ တန်အထိသာ သွားလာနေရသဖြင့် ရန်ကုန်-ပုသိမ်ကားလမ်းကဲ့သို့ နှစ်ပတ်လည်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ယာဉ်+ကုန်တန်ချိန်အတိုင်း သွားလာနိုင်သည်အထိ လမ်းများကို အဆင့်မြှင့်တင်ပေးရန် လိုအပ်နေသည်ဟု ကုန်ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ရန်ကုန်-ပုသိမ် ကားလမ်းတွင်မူ တစ်နှစ်ပတ်လုံး သတ်မှတ်ယာဉ်+ကုန်တန်ချိန်အတိုင်း ကုန်ကားကြီး-ငယ်များ သွားလာနေပြီး တန်ပိုများကို ဒဏ်ကြေးပေးဆောင်သွားလာလျက်ရှိသည်ဟု မြစ်ဝကျွန်းပေါ်ဒေသသွား ကုန်ကားယာဉ်လုပ်သားတစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၈-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၅၅၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၁၆၉၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၅၆၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၀၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၃၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၀၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၉၀၀၀-၁၅၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၆၇
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၉-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၂
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၅-၃၀.၆၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၂-၁၅.၇
တရုတ်	တစ်ယွမ်	ကျပ် ၁၅၅-၁၆၂
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၅-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၃၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၂၅-၄၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၈၀၀-၁၃၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၇၅-၁၄၀၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၆၀-၅၉၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀၀-၅၂၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၈

လူ့အခွင့်အရေးဖြစ်စဉ်ဇာတ်လမ်းများကို တင်ဆက်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်ရှင်၊ ဓာတ်ပုံ၊ လူ့အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေး နယ်ပယ်များ၌ ထင်ရှားသော ပြည်တွင်းနှင့် နိုင်ငံတကာကျွမ်းကျင်သူများက ဦးဆောင်၍ လူ့အခွင့်အရေးရှုဖွယ်ဖြစ်စဉ် ပြောကြားခြင်းနှင့် စည်းရုံးလှုံ့ဆော်ရေး Human Rights Visual Storytelling and Advocacy အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ ပြည်လမ်းရှိ ဒိုင်းမွန်းကွန်ဒို၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ ဗြိတိသျှကောင်စီ၊ လူ့ဂုဏ်သိက္ခာအဖွဲ့၊ မြန်မာလှိုင်းသစ်ထုတ်လုပ်ရေးနှင့် အိုင်ယာလန်နိုင်ငံရှိ ဟုစ်တန်ဒစ်ဂျစ်တယ်မီဒီယာဆိုင်ရာသင်တန်းကျောင်းမှ လူ့အခွင့်အရေးနှင့် စည်းရုံးလှုံ့ဆော်ရေး ရုပ်ရှင်တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ **မြတ်စန္ဒီသင်းဇော်**

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များ ဓာတ်ရောင်ခြည်ဖြင့် ကုသနိုင်တော့မည်

နေပြည်တော် မေ ၂၈

နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များအား ဓာတ်ရောင်ခြည်ကုသစက်ဖြင့် မကြာမီ ကုသနိုင်တော့မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကင်ဆာဝေဒနာ ခံစားနေရတဲ့ ဝေဒနာရှင်တွေအနေနဲ့ ဒီခုတင် ၁၀၀၀ ဆေးရုံကြီးမှာ ကင်ဆာရောဂါကုသစက်နဲ့ ကုသနိုင်တော့မှာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အရေးပေါ်လူနာတွေကို စတင်ကုသပေးလျက်ရှိပါတယ်။ ဒီဓာတ်ရောင်ခြည် ကင်ဆာကုသစက်က သုံးဖက်မြင်ပုံရိပ်သရီးဒီ Technical စနစ်နဲ့ ကုသပေးမှာဖြစ်တဲ့အတွက် အခြားနေရာတွေကိုထိခိုက်မှုမရှိဘဲ ရောဂါဖြစ်တဲ့နေရာကို အတိအကျကုသပေးနိုင်မယ့်စက်ဖြစ်ပါတယ်" ဟု ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူက ပြောကြားသည်။

အဆိုပါ ဓာတ်ရောင်ခြည် ကင်ဆာကုသစက်သည် EMP KTA အမျိုးအစားဖြစ်ပြီး ကင်ဆာရောဂါကို ထိရောက်စွာကုသနိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါ ဓာတ်ရောင်ခြည် ကင်ဆာကုသစက်ဖြင့် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ လူနာပေါင်း ၃၀ မှ ၅၀ အထိ ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ လာရောက်ကုသသည့် လူနာအနည်းအများပေါ် မူတည်၍ နောက်ထပ်လည်း စက်တစ်လုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကင်ဆာရောဂါများကို ဓာတ်ရောင်ခြည်ဖြင့်ကုသရာတွင် ရောဂါနှသည့်အချိန် စောစီးစွာသိရပြီး ဓာတ်ရောင်ခြည်အသုံးပြု ကုသမှုခံယူပါက ပျောက်ကင်းနိုင်သည်။ သို့သော်လည်း ရောဂါဖြစ်ပွားမှု အသိနောက်ကျပါက ကုသရန် ခက်ခဲစေတတ်ပါသည်။ ကင်ဆာရောဂါမဖြစ်ပွားမီ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်သင့်ပြီး အကယ်၍ ကင်ဆာအကျိတ်အဖု စတင်ဖြစ်ပွားပါက ဓာတ်ရောင်ခြည်ကုသမှုစနစ်ဖြင့် ကုသမှုခံယူပါက သက်သာပျောက်ကင်းနိုင်ကြောင်း သိရသည်။ **ကြံတိုင်းအောင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ၊ ကလေးကျန်းမာပညာဒီပလိုမာ၊ ရောဂါဗေဒဒီပလိုမာ၊ မေ့ဆေးပညာဒီပလိုမာနှင့် ဓာတ်မှန်ပညာဒီပလိုမာ ဘွဲ့လွန်သင်တန်းများအတွက်

လျှောက်လွှာပြန်လည်ခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ(Dip. Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
(၁)	သားဖွားနှင့်မီးယပ်ပညာဒီပလိုမာ	၁ နှစ်	ရန်ကုန်၊ မန္တလေး၊ မကွေး
(၂)	ကလေးကျန်းမာပညာဒီပလိုမာ	॥	॥
(၃)	ရောဂါဗေဒဒီပလိုမာ	॥	॥
(၄)	မေ့ဆေးပညာဒီပလိုမာ	॥	ရန်ကုန်၊ မန္တလေး
(၅)	ဓာတ်မှန်ပညာဒီပလိုမာ	॥	॥

၂။ လိုအပ်သောအရည်အချင်း

(၁) အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။

(၃) ဘွဲ့လွန်ဒီပလိုမာရရှိပြီးနောက် မိမိတာဝန်ကျရာဌာနနှင့် ဒေသတွင် အနည်းဆုံး (၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၃-၆-၂၀၁၄ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ ၂၆-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်** ။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မောင်တောခရိုင်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
၁	ခွဲကျောက်ရွယ်စုံ	၉၃၄၃.၆၈ ကျင်း
၂	အုတ်	၁၀၈၅၉၆၁ ချပ်
၃	ဘိလပ်မြေ(စိန်+ဆင်)	၂၉၄၄၇ အိတ်
၄	သံချောင်းရွယ်စုံ	၁၃၆.၅၇ တန်
၅	သစ်ခွဲသားရွယ်စုံ	၁၈၃.၈၃ တန်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၁၂-၆-၂၀၁၄ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မောင်တောခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၁-၆-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ဖုန်း-၀၄၃-၅၅၀၄၄

အမည်ပြောင်း

ဦးဇော်မင်း ၉/မရတ(နိုင်)၁၂၀၆၂၁ ၏သမီး မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၂၆) Grade-3 (B)မှ မဖြိုးဟန်နီဦးအား ယနေ့မှစ၍ မဖြိုးဟန်နီကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးဟန်နီကျော်**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ခင်ဦးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်နှင့် နေအိမ်ပျက်စီး

ခင်ဦး မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျွန်းလည်ကျေးရွာ အမကကျောင်းဆောင်သည် မေ ၂၇ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ၁၀ ခန်း သုံးခန်းပါ အဆောင်တွင် ရှစ်ခန်းမှာ သွပ်အမိုးနှင့် ဒိုင်းမြားများလွင့်ပါသွားရာ ဘုန်းကြီးကျောင်း ဆွမ်းစားကျောင်းဆောင်ပေါ်သို့ ပြုတ်ကျသွားပြီး သွပ်အမိုးပေါက်၍ ခေါင်ကျိုးသွားခဲ့သည်။ **(အပေါ်ပုံ)**

လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်လေးလုံးအမိုးလန်ပြီး တစ်လုံးပြိုကျသွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ပြောသည်။

အဆိုပါ လေပြင်းတိုက်ခတ်သည့် ကျေးရွာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊ ညောင်ပင်ကြီးစုရဲကင်းမှူးနှင့် မြို့နယ်ပညာရေးမှူးတို့ သွားရောက်စစ်ဆေးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် အမြန်ဆုံးပြန်လည် ပြုပြင်ရန်ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

မော်တော်ယာဉ် ဘက်ထရီဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်

ရန်ကုန် မေ ၂၈

မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတွင် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ယာဉ်တစ်စီး မီးလောင်းကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာမွေမြို့နယ် ယာဉ်မောင်း ကိုထွန်းထွန်းနိုင် (၂၄ နှစ်) မောင်းနှင်လာသော ၇က/---လိုက်ထရပ်ကိုယ်ပိုင်ယာဉ်မှာ သုဓမ္မာလမ်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှေ့အရောက် ဘက်ထရီအိုးမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ မီးလောင်မှုကြောင့် ယာဉ်ပေါ်တွင် ပါလာသော ကွန်ပျူတာပရင်တာ နှစ်လုံး၊ ကတ်ထူပုံးခွံ သုံးခု၊ တာယာအဟောင်းတစ်လုံးနှင့် ကားကူရှင်တို့ မီးလောင်ဆုံးရှုံးခဲ့ရသဖြင့် ယင်းကဲ့သို့ မီးလောင်မှုဖြစ်ပွားခဲ့သည့်အတွက် ယာဉ်မောင်းကိုထွန်းထွန်းနိုင်ကို မြောက်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

သာစည်၌ မြကန်သာပြန်လည်တူးဖော်

သာစည် မေ ၂၈

သာစည်မြို့နယ် သဲပုံကျေးရွာအုပ်စု ရင်ဇင်းကျေးရွာတွင် မြကန်သာပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အထူးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းကြည့်ရှုခဲ့ပြီး သာစည်မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သောင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းအရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ မြသာကန်မှာ အလျား ပေ ၇၄၀၊ အနံ ပေ ၂၉၀၊ အနက် ခြောက်ပေရှိပြီး ကျေးရွာသုံးရွာ အိမ်ခြေ ၄၆၉ လုံးနှင့် လူဦးရေ ၁၉၉၆ ဦးတို့ကို နွေရာသီသောက်သုံးရေရရှိရေးအတွက် အကျိုးပြုလျက်ရှိကြောင်း သိရသည်။ **မောင်မောင်သောင်း**

မှုခင်းဆိုင်ရာဆေးပညာမြှင့်တင်ရေး ဆွေးနွေး

ရန်ကုန် မေ ၂၈

မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းများ ထိရောက်စွာ စုံစမ်းဖော်ထုတ်ရေးတွင် မှုခင်းဆိုင်ရာ ဆေးပညာ၏ အခန်းကဏ္ဍ မြှင့်တင်ရေး ဆွေးနွေးပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ရဲချုပ်ဇော်ဝင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ မှုခင်းသိပ္ပံဌာနခွဲ၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်၊ ဆေးတက္ကသိုလ် (၁)နှင့် ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခဌာနမှူးများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ မှုခင်းဆိုင်ရာ ဆရာဝန်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှ ဆေးရုံအုပ်နှင့်ဆရာဝန်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့်ဆရာဝန်ကြီးများက သွေးနှင့်အဆိပ်ဆိုင်ရာ စစ်ဆေးမှုမြှင့်တင်ရေး၊ DNA ဓာတ်ခွဲခန်းထူထောင်ရေးနှင့်ကျွမ်းကျင်ပညာရှင်များ မွေးမြူရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ ဖော်ထုတ်အရေးယူရေး၊ စုံထောက်အရာရှိ သင်တန်းတွင် ရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည် မြှင့်တင်နိုင်ရေးအတွက် ဆရာဝန်ကြီးများမှ အချိန် တိုးမြှင့် သင်ကြားပို့ချပေးနိုင်ရေး၊ မှုခင်းဖော်ထုတ်မှုများတွင် မြန်ဆန် မှန်ကန်စေရေးတို့အတွက် ဆရာဝန်ကြီးများထံမှ အကြံပြုချက် ရယူဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက်က မြို့နယ်ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်)မှ တပ်ဖွဲ့စုမှူး ရဲမှူးရိုလင်က အခြေခံအချက်များရှင်းလင်းဟောပြောစဉ်။ အောင်သန်း

အမည်ပြောင်း

မရမ်းကုန်းမြို့နယ် အထက(၁)၊ နဝမတန်း(ဈ)မှ (ဦးနိုင်ဝင်း)၏သမီး မအေးမိစံအား ယနေ့မှစ၍ မအေးမီမီကျော်ဟု ခေါ်ဆိုပါရန်။

မအေးမီမီကျော်

ကိုရင်ပျောက်ဆုံး

ကိုရင်ဥတ္တမ (ခ) ခွန်တထက် ပအိုဝ်းလူမျိုး၊ လဲင်းကလရွာနေသူသည် ၂၁-၅-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းရင်းသားကျေးရွာသို့ သွားရာမှ သဘော်ကျင်းကားမှတ်တိုင်တွင် ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၅၉၂၅၃၄၊ ၀၉-၄၉၃၅၈၂၃၅
၀၉-၇၃၁၉၆၉၈၃၊ ၀၁-၂၀၁၆၃၉

ဖခင်အမည်မှန်

ဒေါပုံမြို့နယ်၊ အလက(၂) အဋ္ဌမတန်း (C)မှ မအေးစန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြအေး ၁၂/ဒပန(နိုင်)၀၄၀၄၄၆ ဖြစ်ပါသည်။

ဦးမြအေး

လူပျောက်

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည့် ဦးထက်လင်းဖြိုး(ဗိုလ်မှူး-ငြိမ်း)ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး(စီမံ)သည် ၄င်းတို့မိသားစုနေထိုင်သည့် ခရေတိုက်(၆၇)၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်မှ ၁၉-၅-၂၀၁၄ ရက် နံနက်တွင် တစ်ဦးတည်း လမ်းလျှောက်ထွက်သွားရာမှ ပြန်မလာဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ မိသားစုများ စိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၀၃၄၅၆၊ ၀၉-၅၁၈၉၈၄၀၊ ၀၉-၄၉၂၀၀၃၁၄

ဒဂုံ(အရှေ့၊ မြောက်၊ တောင်)
မြေကွက်များဝယ်လိုသည်။
ဈေးကောင်းပေးမည်။
(ပွဲစားမလို)
ဖုန်း-၀၉-၅၀၀၈၇၉၉၊
၀၉-၅၁၁၇၇၂၁

အမည်ပြောင်း

ဦးညွန့်ဝင်း၏သား အထက(အင်္ဂပူ) မြို့နယ် နဝမတန်း(A)မှ မောင်ဟန်ဝင်းထွဋ်အား မောင်ရန်နိုင်အောင်ဟု ခေါ်ဆိုပါရန်။

မောင်ရန်နိုင်အောင်

ပျောက်ဆုံးကြောင်း

ကျွန်မ မေချိုဝင်း (ဘ)ဦးချိုဝင်း ၁၄/ပသန(နိုင်)၂၀၀၇၀၆၏ ပတ်စ်ပို့စာအုပ် M-584686မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ **မေချိုဝင်း**

တစ်ဦးတည်းဖြစ်ပါကြောင်း

အလက(၄)ကြည့်မြင်တိုင်မြို့နယ်၊ အဋ္ဌမတန်းမှ မအင်ကြင်းဦး၏ဖခင် ဦးကျော်ကျော် (ခ) ဦးရဲလင်း ၇/ရတန(နိုင်) ၀၇၃၉၁၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်နေ ဦးမျိုးမြင့်၏သမီး မနိုင်နိုင်မျိုး ၉/မလန(နိုင်)၀၀၄၆၈၉ အား မတင်တင်မျိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မတင်တင်မျိုး

အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ ကွမ်းခြံ ၆ လမ်းနေ ဦးဖြိုးမင်းဝင်း၏သမီး အထက(၃)၊ ပဥ္စမတန်း(C)တွင် ပညာသင်ကြားနေသော မတုံတုံချစ်အား မယမင်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယမင်းအိမ်**

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကျော်သန်း ၁၁/မဉန(နိုင်)၀၇၈၆၅၄ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၃၅၇၅၀

အမည်ပြောင်း

ဦးသိန်းဦး ၅/ခဉတ(နိုင်)၀၄၂၄၃၇၏ သမီး တောင်ကြီးမြို့၊ အမက(၄)မူလွန် စတုတ္ထတန်းမှ မဖြူဖြူသန့်အား မမြင့်မြတ်မှူးသာဟု ပြောင်းလဲခေါ်ပါရန်။

မမြင့်မြတ်မှူးသာ

အမည်ပြောင်း

ရန်ကင်းမြို့နယ်၊ အမှတ်(၁၁)၊ အခြေခံပညာမူလတန်းကျောင်း၊ ပထမတန်းတွင် ပညာသင်ကြားနေသော ဦးကိုကိုမောင်-ဒေါ်စန္ဒာဝင်းတို့၏သမီး မငွေစင်သွန်းအား ယနေ့မှစ၍ မမြတ်စိုးစံဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးကျော်စွာဝင်း၏သမီး မြဝတီမြို့၊ အထက(၂) သတ္တမတန်းမှ မစိမ့်မြတ်ကြည်ဖြူအား မဆုမြတ်ဝတ်ရည်ဟု ပြောင်းလဲခေါ်ပါရန်။

မဆုမြတ်ဝတ်ရည်

ဂလိုဘယ်ရတနာဘဏ်လီမိတက်(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)
GLOBAL TREASURE BANK Ltd. (PUBLIC COMPANY)
(ယခင်)
မြန်မာ့ဈေးမြို့ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
အမှတ်(၆၅၃/၆၉၃) ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဤဘဏ်၏ (၁၉)ကြိမ်မြောက်နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၂၁-၆-၂၀၁၄ (စနေနေ့)
(ခ) အချိန် - ၁၃း၀၀ နာရီ (မွန်းလွဲ ၁နာရီ)
(၁၂း၃၀ အချိန်နေရာယူပေးနိုင်ပါရန်)
(ဂ) နေရာ - ယုဇနဂါဒင်းဟိုတယ် (Ball Room)
အမှတ်(၄၄) အလံပြဘုရားလမ်း၊ (သမ္မတရုပ်ရှင်ရုံအနီး)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်သော်လည်း အချိန်မီမရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ စုံညီစွာအချိန်မီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာများလွှဲပြောင်းမှတ်တမ်းကို နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း
THE BEST CHOICE FOR YOU AND ME
Birthday
Cafe
GlobalGROUP
Certificate of Registration
This is to certify that the
QUALITY MANAGEMENT SYSTEM
of
SUPER ONE INTERNATIONAL CO., (MYANMAR) LTD.
for
Manufacture of Instant Coffee, Tea and Beverages
has been assessed and registered against the provisions of
ISO 9001:2008
International Standard
Birthday (Coffee, Tea & Beverages) နှင့် Super One Coffee & Tea
ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော Super One International Co.,(Myanmar)Ltd. အား
Global Group <UK> မှ 2014 ဖေဖော်ဝါရီလတွင် ပေးအပ်ချီးမြှင့်သော
ISO 9001:2008 " QUALITY MANAGEMENT SYSTEM" Certificate ကိုရရှိခြင်းအတွက်
စနစ်တကျ အောင်မြင်သည်အထိ စိတ်ရှည်စွာဖြင့် ပူးပေါင်းဆောင်ရွက်လေ့ကျင့်ပေးခဲ့သည့်
Global Greatness Group နှင့်စက်ရုံဝန်ထမ်းများအားလုံးအားအထူးပင်ကျေးဇူးတင်ရှိပါသည်။
Birthday (Coffee, Tea & Beverages)
Super One International Co., Ltd. မိသားစု
SUPER ONE INTERNATIONAL CO.,LTD.

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်အင်း အင်းပတ်ဝန်းကျင်ထိန်းသိမ်းပြုပြင်ရေး

ကိုမင်း(အင်းတော်)

မြန်မာနိုင်ငံရှိ အင်းများအနက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးအင်းသည် ပထမအကြီးဆုံးအင်းဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးအင်းသည် ဒုတိယအကြီးဆုံးအင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ အင်းတော်အင်းသည် တတိယအကြီးဆုံးအင်းဖြစ်ကြောင်း သိရသည်။

တည်နေရာ

အင်းတော်အင်းသည် ကမ္ဘာ့မြေပုံအရ အရှေ့လောင်ဂျီတွဒ် (၉၆' ဒသမ ၇')နှင့် မြောက်လတ္တီတွဒ်(၂၄'ဒသမ၁၆') ကြားတွင်တည်ရှိပြီး အင်းတော်မြို့၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ အင်းမြောက်ဘက်တွင် အောက်တောကြိုးဝိုင်းနယ်နိမိတ် အကွက်အမှတ် (၃၄) တွင် တည်ရှိသည်။ ထို့အပြင် အင်း၏အနောက်ဘက်၌ တောင်လေးတန်း သစ်တောကြိုးဝိုင်းသည် နီးကပ်စွာတည်ရှိသည်။ အင်းတော်အင်းသည် အင်းတော်မြို့နယ်ဒေသ၏ အလယ်တွင် ထူးခြားထင်ရှားစွာတည်ရှိသည်။

အကျယ်အဝန်း

အင်းတော်အင်း၏ ဧရိယာသည် ယခင်က အလျားလေးမိုင်၊ အနံနှစ်မိုင်ရှိပြီး ယခုအခါ စတုရန်းမိုင်လေးမိုင် ဧက ၂၅၆၀ ခန့်ရှိပြီး အလျားသုံးမိုင်၊ အနံ နှစ်မိုင်ကျယ်ဝန်းသည်။ ဗေဒါပင်များသည် အင်း၏ငါးပုံသုံးပုံကို ဖုံးလွှမ်းထားခဲ့သော်လည်း ယခုအခါဗေဒါနှင့်ဒိုက်များ လုံးဝမရှိတော့ခြင်းမှာ အင်း၏ ထူးခြားမှုတစ်ရပ်ဟုဆိုရပေမည်။

အင်းထဲသို့စီးဝင်သောချောင်းများ

အင်းထဲသို့စီးဝင်သည့် ချောင်း/မြောင်း စုစုပေါင်း ၂၀ခန့်ရှိပြီး အင်းတော်ချောင်းမှာ ထင်ရှားသည်။ အင်းတော်ချောင်းမှ စီးဝင်သည့် သဲနုန်းမြေမှာ အများဆုံးဖြစ်ပြီး တစ်နှစ်လျှင် နုန်းပို့ချမှုတန် ၁၀၀ခန့်ရှိကြောင်းသိရသည်။ အင်း၏ရေဝေရေလဲဒေသကို မထိန်းသိမ်းနိုင်ပါက နုန်းပို့ချမှုများပြီး အင်းရေပြင်တိမ်ကောလာနိုင်သည့် အန္တရာယ်ရှိနိုင်သည်။ အင်းတော်ချောင်းကြောင့် အင်း၏တောင်ဘက်တွင် အလျင်အမြန်တိမ်ကောနေပြီး အင်း၏မြောက်ဘက် သက္ကယ်ကျင်းရွာအနီးမှစီးဝင်သည့်ချောင်းမှလည်း သဲနုန်းများပို့ချလာနေပြီဖြစ်၍ မြောက်ဘက်နှင့်အရှေ့ဘက် ရေဝေရေလဲကို အမြန်ဆုံးထိန်းသိမ်းရမည်ဖြစ်သည်။

ရေဝေရေလဲဒေသတွင် အထူးသဖြင့် နန့်မကျိုင်းသစ်တောစိုက်ခင်း၊ အရှေ့ဘက်ရှိ တောင်ကုန်းများတွင် နှစ်စဉ်ရွှေ့ပြောင်းတောင်ယာ ဧက ၄၀ ခန့် ခုတ်ခြင်းကြောင့် ရေထိန်းတောကို ထိခိုက်စေပြီး တောင်ယာအစားနှစ်ရှည်သီးနှံများကို စိုက်ပျိုးစေသင့်သည်။ ထို့အပြင် အင်းတော်ချောင်း၏ ဘေးဝဲ/ယာတစ်လျှောက်တွင် မြို့နေသူလူထုသည် အမှိုက်များနှင့်အညစ်အကြေးများကို နှစ်စဉ်စွန့်ပစ်ခဲ့သည့် အလေ့အထရှိခဲ့ခြင်းကြောင့် နှစ်စဉ်ချောင်းရေလျှံသည့်အခါ စွန့်ပစ်အမှိုက်များသည် အင်းထဲသို့ရောက်ရှိပြီး ယခုအခါပလတ်စတစ်အိတ်ခွံများနှင့် ဘူးခွံများသည် အင်းရေပြင်ပေါ်တွင် မျောလျက်ရှိနေပြီး အင်း၏သဘာဝအလှကို ပျက်စီးစေသဖြင့် ချောင်းရိုးတစ်လျှောက် အမှိုက်စွန့်ပစ်ခြင်းကို တင်းကျပ်စွာ တားမြစ်ပိတ်ပင်ရပေမည်။

ယခင်အင်းတော်ချောင်းစီးဆင်းသည့် လမ်းကြောင်းနှင့် အတိမ်အနက်

လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က အင်းထဲသို့စီးဝင်သည့် ချောင်းဝသည် ယခုစီးဝင်သည့်လမ်းကြောင်း၏ မြောက်ဘက်တစ်မိုင်ခန့်အကွာရှိ ဒေသသို့စီးဝင်နေသည်။ ယခုအခါ ချောင်းဝ၌ နုန်းပို့ချမှုများကြောင့် အနောက်ဘက်တည့်တည့်သို့ စီးဝင်နေသည်။ အင်း၏အတိမ်အနက်မှာ အရှေ့ဘက်ပိုင်းသည် အနက်ဆုံးဖြစ်ပြီး အနောက်ပိုင်းတွင် ဆင်ခြေလျှောအတိုင်း အရှေ့ဘက်သို့ နက်ဆင်းလာသည်။

ရေဝေရေလဲတော

အင်းတော်အင်း၏ ရေဝေရေလဲဧရိယာသည် ၆၄ စတုရန်းမိုင်ဧက၄၀၉၆၀ ရှိပြီး အရှေ့ဘက်တွင် တောင်လုံးညိုတောင်တန်းအထိ ကိုးမိုင်ခန့်ထိ ရှည်လျားသော ရေဝေချောင်းလက်တက်များသည် မိုးရာသီတွင် တောင်ကျချောင်းရေအရှိန်ကြောင့် မြေများတိုက်စားပြီး အရှိန်အဟုန်ပြင်းစွာစီးဆင်းကြသဖြင့် ရေဝေရေလဲတောထိန်းသိမ်းခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းများမှာ မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် ကွက်လပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ တောင်ယာများတိုးချဲ့ခြင်းကို တားမြစ်ခြင်း၊ မြေပြိုမှုမဖြစ်စေရန် အရံအတားများပြုလုပ်ခြင်း စသည့်သစ်တောထိန်းသိမ်းရေး နည်းလမ်းများဖြင့် ပြုစုကာကွယ်သွားရပေမည်။

မန်လည်တောထိန်းသိမ်းရေး

အဆိုပါရေဝေရေလဲထိန်းသိမ်းသည့် ဧရိယာသည် အင်း၏အရှေ့ဘက်နှင့် မြောက်ဘက်တွင်တည်ရှိပြီး အင်း၏အနောက်ဘက် သုံးမိုင်ပတ်လည်ဧရိယာတွင် အင်တိုင်းတောနှင့်ဆက်စပ်လျက် မန်လည်ဆရာတော်ကြီး ထူထောင်ထားရစ်ခဲ့သော သာသနာ့အရိပ်သည် ယခုတိုင် ရဟန်းရှင်လူတို့အတွက် အဖိုးမဖြတ်နိုင်သော အမွေအနှစ်ပင်ဖြစ်သည်။ သို့သော် ယခုအခါ အင်းရေပြင်နှင့် ဆက်စပ်လျက်ရှိသော မန်လည်တောတစ်ဝိုက်တွင် လယ်ယာမြေများချဲ့ထွင်ခြင်း၊ ထင်းခုတ်ခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် သစ်ဝါးအရိပ်အာဝါသ ကင်းမဲ့လာခဲ့ပြီဖြစ်၍ မန်လည်ဆရာတော်ကြီးကို ကြည်ညိုကြသောအားဖြင့် မန်လည်တောကြီးကို ပြန်လည်ပြုပြင်ထိန်းသိမ်းစိုက်ပျိုးရန် အချိန်တန်ပြီ ဖြစ်ပေသည်။

ဘေးမဲ့တောတည်ဆောက်ခြင်း

ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကမ္ဘာပေါ်တွင်များစွာလိုအပ်လျက်ရှိသည်။ မန်လည်ဆရာတော်ကြီး၏ ကျောင်းပရိဝုဏ်နှင့် မန်လည်တော အင်းရေပြင်တို့ကိုဆက်စပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် အင်းပတ်ဝန်းကျင်ကို ဘေးမဲ့တောတစ်ခုအဖြစ် သတ်မှတ်တည်ဆောက်မည်ဆိုပါက ကုသိုလ်ရမည့်အပြင် နောင်အနာဂတ်ဖွံ့ဖြိုးတိုးတက်လာမည့် လူဦးရေနှင့် မြို့ပြများအတွက် အပန်းဖြေစခန်းတစ်ခုပေါ်ထွက်လာနိုင်စရာရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မေလထုတ် သုတပဒေသာစာစောင် ထွက်

နေပြည်တော် မေ ၂၈

အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များအား ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး စတင်အသွင်ပြောင်းလဲထုတ်ဝေလိုက်သော မေလထုတ်သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မေလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာ ဆလိုင်းငွန်ကျိုးလျန်၊ ကျော်ဝင်း၊ တင်ညွန့်၊ မျိုးဇော်၊ မြတ်နိုးဝေတို့၏ ရှုထောင့်အမြင့်အမျိုးမျိုးဖြင့် ရေးသားပုံဖော်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း တစေ့တစောင်းမျက်နှာဖုံးဆောင်းပါးများ၊ ရဲထွဋ်၊ ဦးစိုင်းကျော်သူ၊ ထွန်းမင်းသန်း(ဥပဒေ)တို့၏ ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ စည်သူ ဒေါက်တာခင်မောင်ညွန့်၊ မောင်မြင့်ကြွယ်၊ မင်းဗထူး၊ အေးဖြူကြည်မင်း၊ မောင်ပေါ်ထွန်း၊ ဟိန်းလတ်၊ မြနှင်းဆီ၊ ဆောင်းဝင်းလက်၊ ဦးကျော်ညွန့် အစရှိသော စာရေးဆရာကြီးများ၏ အတွေးအခေါ်၊ နီတိကျင့်ဝတ်နှင့် လှုံ့ဆော်အားအရင်း အမြစ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများစွာကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံများ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။ မျက်နှာဖုံးဒီဇိုင်းကို ပန်းချီမြင့်မောင်ကျော်က သရုပ်ဖော်ရေးဆွဲထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ဆက်သွယ် မှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ပင်းတယ မေ ၂၈

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ မေ ၂၅ ရက်က တိုက်ခိုက်ခဲ့သည့် လေပြင်းတိုက်ခိုက်မှုကြောင့် အိုးကုန်းကျေးရွာနှင့် မိုင်းအင်ကျေးရွာတို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါလေဘေးသင့် ကျေးရွာများသို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးထူးကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် မေ ၂၆ ရက် နံနက် ၁၁ နာရီက အိုးကုန်းကျေးရွာ၌ အိမ်ထောင်စု နှစ်စုအတွက် ဒေသဦးစီးက ငွေကျပ် နှစ်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ငွေကျပ် တစ်သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မိုင်းအင်ကျေးရွာ၌ အိမ်ထောင်စု တစ်စုနှင့်ကျန်းမာရေး ဆေးပေးခန်းအတွက် ဒေသဦးစီးမှ ငွေကျပ် ၁၄၀၀၀၀နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးက ငွေကျပ် တစ်သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာဘာသာစကားကြွယ်ဝဖွံ့ဖြိုးရေးသင်တန်းဆင်း

သထုံ မေ ၂၈

ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာဘာသာစကားကို အစီအစဉ်သစ်ဖြင့် မူလတန်းအထက်အဆင့်တွင် သင်ကြားအကောင်အထည်ဖော်ရေးသင်တန်းဆင်းပွဲကို မေ ၂၆ ရက် မွန်းလွဲ၁နာရီက သထုံအမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း လှမဉ္ဇူခန်းမ၌ကျင်းပသည်။ (ဓါတ်ပုံ) မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက ယခုအစီအစဉ်သစ်တွင် မြန်မာဘာသာစကားဘာသာရပ်အတွက် ရည်ရွယ်ချက်အသစ်များ၊ သင်နည်းအသစ်များပါဝင်ပြီး အဓိကအားဖြင့် မြန်မာဘာသာမြန်မာစကားကျွမ်းကျင်မှုချို့ယွင်းအားနည်းသည့် တိုင်းရင်းသားကလေးငယ်များအတွက် ကလေးဗဟိုပြုချဉ်းကပ် နည်း(CCA) သင်ကြားရေးအစီအစဉ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်ရိုးဌာနခွဲမှ ဆရာမ ဒေါ်ခင် ရှမ်းအေးဖြူက သင်တန်းဖွင့်ရခြင်းနှင့်ပတ်သက်သည်တို့ကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။အဆိုပါသင်တန်းကို သထုံမြို့နယ်အတွင်း ရှိကျောင်း ၁၇၈ ကျောင်းမှ တတိယတန်းနှင့်စတုတ္ထတန်းသင် ဆရာဆရာမ ၃၅၅ ဦးတို့ တက်ရောက်သင်ကြားကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတို့အနက် ယခုသင်ကြားရေးစနစ်ကို မွန်ပြည်နယ်တွင် စတင်အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

သက်ဦး(သထုံ)

သမဝါယမကောလိပ်(မန္တလေး)

နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

သမဝါယမကောလိပ်(မန္တလေး)မှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို သမဝါယမကောလိပ်(မန္တလေး)၊ ရန်ကင်းခန်းမတွင် ၂၀၁၄ခုနှစ် ဇွန် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများကိုယ်တိုင် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

ရန်ကုန်
၁။ မမြင့်မြင့်သိန်း ဖုန်း-၀၉-၄၃၁၈၁၅၁၈
၂။ ကိုသိန်းထိုက် ဖုန်း-၀၉-၅၁၉၃၁၁၈
၃။ မချိုမာနွယ် ဖုန်း-၀၉-၇၃၁၃၅၉၉၈

မန္တလေး
၁။ ကိုညီညီထွေး ဖုန်း-၀၉-၂၀၁၀၈၃၅
၂။ ကိုအောင်ဆန်းလင်း ဖုန်း-၀၉-၂၅၉၀၀၀၂၀၂
၃။ မောင်ဝေယံမင်း ဖုန်း-၀၉-၄၀၂၆၈၆၀၅၈
၄။ မအေးအေးဖြူ ဖုန်း-၀၉-၄၄၄၀၁၉၇၀၃
၅။ မထားထားလှိုင် ဖုန်း-၀၉-၄၂၂၄၈၈၈၈၇
၆။ မသီတာဝင်းနွဲ့ ဖုန်း-၀၉-၂၀၀၉၂၀၈
၇။ မောင်သန်းဆွေထွန်း ဖုန်း-၀၉-၃၃၁၉၅၇၁၂
၈။ မဝေဝေမွန် ဖုန်း-၀၉-၃၃၀၁၉၃၃

ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် ၁၅/စိတ္တရမဟီ၊ မြေကွက်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ ၀၈၀ဧကရှိမြေကွက်အား ပိုင်ဆိုင်ထားသူ ဦးမြဟိန်း ၉/တတဥ(နိုင်)၀၁၃၅၀၇မှ ၄င်းအမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားလာရာ အကျိုးသက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြဟိန်း ၉/တတဥ(နိုင်)၀၁၃၅၀၇
အမှတ်(၁)ရပ်ကွက်၊ တံတားဦးမြို့

ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁) န၀မတန်းမှ မမိုးဟေဇွန်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဟန် ၁၃/လရန(နိုင်)၁၂၄၄၂၃ ဖြစ်ပါသည်။

ဦးမျိုးဟန်

ဖခင်အမည်မှန်

လားရှိုးမြို့ အမက-၂၇(မူလွန်) ၂၀၁၂/၁၃ ပညာသင်နှစ် သတ္တမတန်းအောင်မြင်ပြီးသူ မစံပယ်အေး (ကျောင်းဝင်အမှတ် ၃၁၉)၏ ဖခင်အမည်မှန်မှာ ဦးစိုင်းညိုဦး ၁၃/လရန(နိုင်)၀၀၅၆၃၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်

တောင်ငူ အထက(၁) န၀မတန်းမှ မပန်းနုရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းထိုက်အေး ၇/တငန(နိုင်)၀၉၇၉၃၂ ဖြစ်ပါသည်။

ဦးဇင်မင်းထိုက်အေး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၆၅၆၂၀၊Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိဏ်းဆွေ ၈/မကန(နိုင်)၀၆၂၃၂၇မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ယ/၉၉၀၈၈၊ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝိသုတ ၈/ရနခ(သ)၀၀၀၄၄၂မှ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းရုံး(မကွေး)

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့သော မဝင်းသူဇင်နှင့် နောင်လှိုင်ကျေးရွာ၊ အလက(ခွဲ) အဌမတန်းတွင် အောင်မြင်စွာဖြေဆိုခဲ့သော မပန်းသူဇင်တို့၏ ဖခင်အမည်မှန်မှာ ဦးပြုံးချို ၉/မမန(နိုင်)၀၆၀၇၃၉ ဖြစ်ပါသည်။

ဦးပြုံးချို

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၆၅၁၀ Honda C90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထိုက်ကျော့ရီ ၉/အမရ(နိုင်)၁၀၅၉၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၂၁၀၀ Chin Dwin star Jeep(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဟန်မျိုးအောင် ၅/ဘတလ(နိုင်)၀၅၃၀၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အလက(၂၃) ဆဋ္ဌမတန်း-B (အောင်)မှ မပြည့်ပြည့်အောင်နှင့် စတုတ္ထတန်း(ဂ)(အောင်)မှ မောင်သိန်းအောင်ကြွယ်တို့၏ မိဘအမည်မှန်မှာ (ဦးတင်ဝင်းဌေး) ၈/မကန(နိုင်)၁၅၆၅၄၆-ဒေါ်တင်တင်ရီ ၈/မကန(နိုင်)၁၁၇၅၄၀ ဖြစ်ပါကြောင်း။

(ဦးတင်ဝင်းဌေး)-ဒေါ်တင်တင်ရီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြို့သစ်တွင် စာပေရေချမ်းစင်များဖွင့်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူများ စာအုပ်စာပေကို လွယ်လင့်တကူလေ့လာဖတ်ရှုနိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းဝေဦးနှင့် ဝန်ထမ်းများသည် စာပေရေချမ်းစင် ကိုးခုကိုလူစည်ကားရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့နယ်ပညာရေးမှူးရုံး၊ ဆေးရုံ၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကားဂိတ်၊ မီးရထားဘူတာ၊ ဝါးကြီးအိုင်ကျေးရွာနှင့် နင်း ကြမ်းကျေးရွာတို့တွင် မေ ၂၇ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စာပေရေချမ်းစင်များတွင် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုအနုပညာ၊ အားကစား၊ အတ္တုပ္ပတ္တိ၊ ပြည်သူ့နီတိနှင့်ကလေးသူငယ်စာပေများကို ထားရှိပေးသွားမည်ဖြစ်ပြီး လစဉ်စာအုပ်များကို အသစ်လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဝင်းထွန်း(မြို့သစ်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျောင်းအပ်နှံ

သုံးခွ မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်လောကမာရဇိန်ကျောင်းသစ်ကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ထို့နောက် ကျောင်းသစ်ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရက သင်ကြားသင်ယူမှုကိစ္စများ၊ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ကျောင်းသုံးဗလာစာအုပ်စာရေးကိရိယာများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာတော်ဘဒ္ဒန္တကေသရက လက်ခံယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုခဲ့ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ဂန့်ဂေါ-ကလေးမီးရထားလမ်းပိုင်းတွင် ရပ်စခန်းတစ်ခု တိုးချဲ့ဖွင့်

ဂန့်ဂေါ မေ ၂၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ရွှေတောင်၊ ရှင်းရှည်၊ ချောင်းစုံ၊ သာကောင်းကျေးရွာနေ ကျေးရွာသားများနှင့်ယင်းကျေးရွာများသို့သွားရောက်ကြမည့် ခရီးသည်များ သွားလာရေးအဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားက ဧပြီ ၂၁ ရက်မှစတင်၍ ဂန့်ဂေါ-ကလေး မီးရထားလမ်းပိုင်း လက်ပံဘူတာနှင့် ကန်ဘူတာကြား မိုင် ၆၃၉/၃ ရှိ သာကောင်းကျေးရွာ၌ ရပ်စခန်း တစ်ခုထပ်မံတိုးချဲ့ ဖွင့်လှစ်ပြီး ယင်းရပ်စခန်းတွင် ဂန့်ဂေါ-ကလေးလူစီးရထားက တစ်မိနစ်ရပ်တန့်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့်မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တို့ကြား ဆက်သွယ်ဖောက်လုပ်ထားသော ဂန့်ဂေါ-ကလေး မီးရထားလမ်းပိုင်းတွင် ရိုးရိုးတန်းလူစီးတွဲငါးတွဲနှင့်ပထမတန်းလူစီးတွဲ တစ်တွဲတို့ပါရှိသော လူစီးရထား တစ်စင်းမှ ကလေးမှ ဂန့်ဂေါသို့ အသွားတွင် အမှတ် ၁၄၀ အစုန်လူစီးရထားအဖြစ်လည်းကောင်း၊ ဂန့်ဂေါမှ ကလေးသို့အပြန်တွင် အမှတ် ၁၃၉ အဆန် လူစီးရထားအဖြစ် လည်းကောင်း နေ့စဉ်နေ့ချင်းပြန် ပြေးဆွဲလျက်ရှိသည်။ ရထားဝင်ချိန်၊ ထွက်ချိန်များမှာ အမှတ် ၁၄၀ အစုန်သည် ကလေးမှ နံနက် ၅ နာရီထွက်ခွာလျက် ဂန့်ဂေါသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိပြီး အမှတ် ၁၃၉ အဆန်သည် ဂန့်ဂေါမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာပြီး ကလေးမြို့သို့ ည ၉ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ လက်မှတ်ခ နှုန်းထားမှာ ဂန့်ဂေါ-ကလေးခရီးစဉ် အစမှအဆုံးအထိ ရိုးရိုးတန်း ငွေကျပ် ၁၁၅၀၊ ပထမတန်း ငွေကျပ် ၁၅၅၀ ဖြစ်သည်။ ယင်းလမ်းပိုင်းတွင် ဘူတာနှင့် ရပ်စခန်းပေါင်း ၂၉ ခုရှိပြီး နေ့စဉ် လူစီးရထားတစ်စင်းနေ့ချင်းပြန် ပြေးဆွဲပေးလျက်ရှိသည့်အပြင် မွေ့လယ်-ကလေး လမ်းပိုင်းနှင့် ဟံသာဝတီ-ကလေးလမ်းပိုင်းတို့တွင် ကားရထားတစ်စင်းစီ နေ့စဉ်နေ့ချင်းပြန် ပြေးဆွဲလျက်ရှိသဖြင့် မြန်မာ့မီးရထားက နေ့စဉ် ခရီးသည်ဦးရေ ၃၀၀၀ခန့်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

မိုးကြိုကာလ မိုးခေါင်မှုကြောင့် ကွမ်းရွက်ဈေးများမြင့်တက်နေ

မန္တလေးမြို့ ကွမ်းရွက်ဈေးကွက်တွင် မိုးကြိုရာသီကာလအတွင်း မိုးခေါင်ခြင်းကြောင့် ကွမ်းအထွက်နည်းပါးလာပြီးကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းသိရသည်။

ကွမ်းဈေးကွက်တွင်ဖေဖော်ဝါရီလမှစ၍ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အတွင်း ပုံမှန်ရှိခဲ့ရာမှယခုမိုးခေါင်သော ဧပြီလမှစ၍တဖြည်းဖြည်းမြင့်တက်လာပြီး လက်ရှိမေလကုန်ပိုင်းတွင် တစ်ပိဿာ ငွေကျပ်၆၀၀၀နှုန်းအထိ မြင့်တက်သွားကြောင်း ကွမ်းစိုက်တောင်သူများက ပြောသည်။ မိုးကြိုကာလဖြစ်သည့် ဧပြီနှင့် မေလများတွင် ကွမ်းစိုက်တောင်သူများမှ ရင့်ရော်နေသည့် ကွမ်းရွက်များအားခြွေချ၍ရွက်သစ်များထွက်လာစေရန် ပြုစုဆောင်ရွက်တတ်ကြောင်း ထိုအချိန်တွင် မိုးခေါင်ပါက ပင်စည်အားနည်းသွားပြီးကွမ်းအထွက် လျော့ကျသွားခြင်းဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ရွာမှ ကွမ်းစိုက်တောင်သူ ဦးမိုးကျော်က ပြောသည်။

"ကျွန်တော်တို့ ကွမ်းစိုက်တောင်သူတွေက ဒီလိုရာသီမှာ မိုးရေကိုမျှော်လင့်ပြီး ယခင်ရှိနေတဲ့ ကွမ်းရွက် အရင့်တွေကို ခြွေချပြီးတော့ ရွက်သစ်ကိုစောင့်စားကြတာ အစဉ်အလာပါ။ ဒီလိုအချိန်မှာ မိုးခေါင်သွားရင် ကွမ်းအထွက်နည်းသွားတတ်ပါတယ်။ကွမ်းအထွက်နည်းတဲ့အတွက် ဈေးလည်းတက်သွားတာပေါ့"ဟုဎင်းက ပြောသည်။ ကွမ်းပင်များသည်အေးသောရာသီဥတုကိုကြောက်တတ်သဖြင့် နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း ဆောင်းရာသီကာလများတွင် ကွမ်းအထွက် နည်းပါးပြီးဈေးနှုန်းလည်းတက်လာတတ်ကြောင်းနှင့်ဖေဖော်ဝါရီလမှစ၍ ကွမ်းကြိုက်ရာသီဖြစ်ခြင်းကြောင့် ရာသီဥတုကောင်းမွန်ပါက ကွမ်းအထွက်နှုန်းလဲကောင်းလာကာ ဈေးနှုန်း လဲပုံမှန်ဖြစ်လာကြောင်းသိရှိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
မုံရွာမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါလုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

Lot.1 - ပြင်ပရေရရှိရေးလုပ်ငန်း(ဧည့်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာ)
Lot.2 - ပြင်ပလျှပ်စစ်လုပ်ငန်းများ(ဧည့်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာ)
Lot.3 - မော်တော်ယာဉ်များဝယ်ယူခြင်း

(က)	Landcruiser	(၁)စီး
(ခ)	Super Custom	(၂)စီး
(ဂ)	Mini Bus(၂၅)ဦးဆံ့	(၂)စီး
(ဃ)	Surf	(၂)စီး
(င)	Toyota Caldina Van	(၆)စီး
(စ)	Light Truck	(၁)စီး
(ဆ)	မော်တော်ဆိုင်ကယ်	(၃)စီး

၂။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၇-၆-၂၀၁၄ ရက် ရုံးချိန်အတွင်း ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဆောင်ရွက်လိုသည့်လုပ်ငန်းများ၊ ဝယ်ယူလိုသည့်မော်တော်ယာဉ်များ၏ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၉-၅-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး၊ မုံရွာမြို့
ဖုန်း-၀၇၁-၂၂၇၆၅၊ ၂၄၁၆၉၊ ၂၄၃၀၆

အမည်ပြောင်း

ဦးတင်မျိုးဝင်း၏သား အထက(၅) ဇမ္ဗူသီရိမြို့နယ် နေပြည်တော် အဋ္ဌမတန်း (ဂ)မှ မောင်ဟိဏ်းသန့်ဇင်အား မောင်ဟိဏ်းထွတ်စံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိဏ်းထွတ်စံ

ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အလက(ခွဲ) စံဝါအောင်းမှ အဋ္ဌမတန်းအောင်မြင်ခဲ့သော မောင်အောင်ကိုမင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း ၉/လဝန(နိုင်)၁၁၄၉၄၈ ဖြစ်ပါသည်။

ဦးအောင်သန်း

ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ် အလက(၁၈)တွင် ပညာသင်ကြားနေသော မောင်ထွန်းထွန်းဇော်၏ဖခင်အမည်မှန်မှာ ဦးတင်မောင် ဖြစ်ပါကြောင်း။

ဦးတင်မောင်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ ၂၂ လမ်းရှိ ဦးမြင့်အောင်မှ ပိုင်ဆိုင်ကြောင်းအဆိုပြုသည့် အရှေ့လားသော် ဦးတင်ဆောင်၊ အနောက်လားသော် အကွက်အမှတ်(၁၆၆)၊ တောင်လားသော် ဒေါ်ခင်နွဲ့ကြည်၊ မြောက်လားသော် (၂၂) လမ်းစသည့် အလားလေးရပ်အတွင်းရှိ အမှတ် ၁၆၄/၁၆၅ ဟု ခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမြင့်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်းအပေါ်တွင် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါအိမ်ဝိုင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမြင့် B.Sc (Physics),HGP
အထက်တန်းရှေ့နေ (စဉ်-၁၉၂၉၂)
အမှတ် ၈/၅၉၊ ၂ လမ်း၊ မင်္ဂလာသာဓိရပ်
မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊
ဖုန်း-၀၉-၈၆၂၃၃၇၂၊ ၄၂၀၇၆၈၂၅၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၄)ကို ၁၇-၆-၂၀၁၄ရက်မှ ၂၅-၇-၂၀၁၄ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော ပြင်ပမှ တက်ရောက်လိုသည့် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ မည်သူမဆို ၁၂-၆-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန - အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၃၇၅၃

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)ရပ်ကွက်၊ တရားရုံးတောင်ဘက်၊ အိမ်အမှတ် ၅၀၅ နေ (ဦးတင့်)-ဒေါ်အောင်မေတို့၏သမီး မမိုးမိုးသန်း (ဘုတ်ဘုတ်) ၈/တတက(နိုင်)၀၁၁၆၇၀ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်၍ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

(ဦးတင့်)-ဒေါ်အောင်မေ
ပန်းမျိုးတစ်ရာကုန်စုံဆိုင်၊ တောင်တွင်းကြီးမြို့

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့ အထက(၃) နဝမတန်းတွင် ပညာသင်ကြားမည့် ဦးမောင်မြင့်ဖူး၏သမီး မွင့်ရီမြင့်နှင့် ငြိမ်းငြိမ်းအေးမှာ တစ်ဦးတည်း ဖြစ်ပါသည်။

အမည်ပြောင်း

တကကက အောင်မိုးဦး ၉/မဒန(နိုင်) ၁၇၉၄၁၈၏သား အထက(၂) နေပြည်တော် ဆဋ္ဌမတန်းမှအောင်မြင်ခဲ့သော မောင်ရဲထက်အောင်အား မောင်ရဲဖုန်းနိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။

တကကကအောင်မိုးဦး အမတ(၃၂၈)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သတင်းတို

ပုဏ္ဏားကျွန်း၌ စာပေရေချမ်းစင်များတပ်ဆင်

ပုဏ္ဏားကျွန်း မေ ၂၈

နိုင်ငံတော်အစိုးရသစ် လက်ထက် ပြည်သူကို ဗဟိုပြုသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အကောင်အထည် ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အသိပညာဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မီနီစာပေရေချမ်းစင်များအား တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ပြည်သူများအလုပ်မပျက် အချိန်တိုအတွင်း အသိပညာဗဟုသုတများရရှိရေးအတွက် မီနီစာပေရေချမ်းစင် ရှစ်ခုကို လူစည်ကားသော နေရာ ရှစ်နေရာ၌ မေ ၂၃ ရက်က တပ်ဆင်ပေးခဲ့ရာ ခရီးသွားရင်း စာပေဗဟုသုတ ဖတ်ရှုလေ့လာခွင့်ရရှိသောကြောင့် ပြည်သူများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြကြောင်း သိရသည်။ **သူ(ပုဏ္ဏားမြို)**

ကျောင်းအပ်နှံရေးနှင့် စာအုပ်လှူဒါန်းပွဲ

မိုးမိတ် မေ ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေး သီတင်းပတ် လှုပ်ရှားမှုနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးကျော်စိန်က အမှာစကားပြောကြားပြီး အထက်ကျောင်းအုပ်ဆရာကြီးက ကျောင်းစည်းကမ်းများနှင့် လိုက်နာရမည့် အချက်အလက်များကို ပြောကြားကာ အလှူရှင် ကျောင်းသားမိဘများက လှူဒါန်းသော စာရေးကိရိယာပစ္စည်းများကို ကျောင်းသားကျောင်းသူများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒလမြို့၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသ

ဒလ မေ ၂၈

ရန်ကုန်အရှေ့ပိုင်းဆေးရုံမှ သမားတော်ကြီး ဒေါက်တာတက်ထွန်းချစ် ဦးဆောင်၍ ၃၄ ဦးပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မေ ၂၄ ရက် နံနက်ပိုင်းက ဒလမြို့သို့ ကွင်းဆင်း၍ လာရောက်ပြသသော ပြည်သူများကို ဒလပြည်သူ့ဆေးရုံ၌ စမ်းသပ်ပေးခြင်း၊ ဆေးကုသပေးခြင်းများ အခမဲ့စောင့်ရှောက်ဆောင်ရွက်ပေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဆန်းသူရအောင်သိန်းနှင့် ကျန်းမာရေးဆရာဆရာမများ၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ကြူကြူဝင်း၊ မြို့နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်၊ မြို့နယ်မီးသတ်၊ ကြက်ခြေနီအဖွဲ့များ၊ NGO အဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့မှာ ဒေါက်တာရဲဝင်းဦးစီးသောမျက်စိအထူးကုအဖွဲ့၊ ဒေါက်တာဆွေဇင်အောင်ဦးစီးသော ကလေးအထူးကုအဖွဲ့၊ ခရိုင် တိုင်းရင်းဆေးမှူး ဦးသိန်းထွန်းဦးဆောင်သော တိုင်းရင်းဆေးအဖွဲ့၊ ဒေါက်တာစန္ဒီမောင်(ပါရဂူ) ဦးစီးသော အမျိုးသားပြန်လည်သန်စွမ်းရေးအဖွဲ့၊ ဒေါက်တာသီဟစန်းဦးစီးသော ခွဲစိတ်အထူးကုအဖွဲ့၊ ဒေါက်တာ တက်ထွန်းချစ်ဦးစီးသော သမားတော်အထူးကုအဖွဲ့၊ ဒေါက်တာတင်နှောင်းဖြူဦးစီးသော သားဖွား/မီးယပ်အထူးကုအဖွဲ့နှင့် ဒေါက်တာနှင်းဖြူ ဦးစီးသောနား/နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့တို့က ရှစ်မျိုးခွဲ၍ အခမဲ့စမ်းသပ် ဆေးကုသပေးခဲ့ကြောင်း၊ လာရောက်ပြသသူ ၁၈၃ ဦးရှိရာ လွှဲပြောင်းလူနာ (refer) အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်းလွှဲပြောင်းလူနာ ကိုးဦးကိုလည်း အခမဲ့ဆေးကုသခွင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

စစ်တွေခရိုင် ဝမ်းရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို မေ ၂၄ ရက်က စစ်တွေမြို့ ကုန်တန်းရပ်ကွက် မွေ့ရုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေထွန်း အောင်နှင့်စန်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်စိုး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)မှ ကွင်းဆင်းအရာရှိ ဒေါက်တာကျော်သစ်နှင့် ကြက်ခြေနီများ၊ မြို့နယ်ကျန်းမာရေးနှင့်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားများ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၂) အထက်တန်းကျောင်း ယုဇနခန်းမ၌ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်သန်းဌေးက အမှာစကားပြောကြားသည်။ **(ဝ၅၇)**

သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး စည်းရုံးလှုပ်ရှားမှု တာဝန်ပေးအပ်ခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီက ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးကို ကျောင်းအပ်နှံရေး စည်းရုံးလှုပ်ရှားမှုတာဝန်များကို ပေးအပ်ခဲ့သည်။ **ဇော်ထက်**

မြိုင်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့် ပညာရေးဝန်ကြီးဌာန အမှတ် (၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့အဖွဲ့သည် မြိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းနှင့် မြိုင်အထက ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်တို့နှင့်အတူ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီခွဲက မြိုင်အထကကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(၁၃၅)**

မိုးနဲ

မိုးနဲမြို့နယ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက ပုလဲဆောင်ခန်းမ၌ မေ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ စေတနာရှင်၊ အလှူရှင်များက သက်ဆိုင်ရာ ကျောင်းများအလိုက် စာရေးခုံ၊ ဗလာစာအုပ်စသည့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နောင်ချို

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက ကျောက်ဂူကျောင်းတိုက် ဘုန်းတော်ကြီးသင်ကျောင်း၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ထင်(မ်)ဖွေးက ကျောင်းအပ်နှံရေးကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ **(ဝ၆၁)**

ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဌာနအဖွဲ့အစည်းများတွင် အသုံးပြုရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	ပစ္စည်းအရေအတွက်	တင်ဒါပိတ်ရက်
(က)	လုပ်ငန်းသုံးအခြားပစ္စည်းများ	(84)Items	၂၇-၆-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀နာရီ
(ခ)	ရုံးသုံးစက်ကိရိယာများ	(1670)Items	။
(ဂ)	ရုံးသုံးပရိဘောဂများ	(2234) Items	။
(ဃ)	မော်တော်ယာဉ်များ	45 စီး	။

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ရုံးအမှတ်(၂၆) နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၁၆၀

နေပြည်တော်၊ ပျဉ်းမနားမြို့ တောင်ဘက် ရွာသစ်အုပ်စု၊ ရွာသစ်ကျေးရွာ အောင်ဇေယျာရာမကျောင်းတိုက်၌ လောကချမ်းသာဆုတောင်းပြည့် စေတီတော်တည်ထားလျက်ရှိရာ အလှူရှင်များအနေဖြင့်

စဉ်	အလှူရှင်အမည်	အလှူတော်ငွေ	စဉ်	အလှူရှင်အမည်	အလှူတော်ငွေ
၁	ဘဒ္ဒန္တကုသလ အောင်ဇေယျာရာမ ကျောင်းတိုက်	၃၁၆၀၀၀	၂	ဦးငြိမ်းမောင်၊ ဦးထွန်းလွင်-ဒေါ်သက်သက်နိုင် မတည်အလှူရှင်	၂၀၀၀၀၀၀
၃	ဦးအေးမြင့်-ဒေါ်ယုယုသင်း (7 Power)စတိုး	ဘိလပ်မြေ (၁၀၀)အိတ် အုတ်-၂၀၀၀ သဲ ၁၀ စီး	၄	ဦးထွန်းရွှေ-ဒေါ်ညွန့်စိန် (ရွှေကမ္ဘာ စားသောက်ဆိုင်)	ဘိလပ်မြေ ၂၀ အိတ်
၅	ဦးစိုးမြင့်(ရှံမျူးကြီး)-ဒေါ်သန်းမြင့်	၁၆၀၀၀၀	၆	ဒေါ်သန်းရွှေ-သား ဦးနိုင်လှ ဆင်းကား(အင်ချပ်)	၁၅၀၀၀၀
၇	ဒေါ်ကြည်လှ (မိသားစု)	၃၀၀၀၀	၈	ဦးဇော်မင်းသိန်း-ဒေါ်မိုးထွဋ်ခန်း	၅ မူး/၆ မူး သံလုံးများ

လှူဒါန်းခဲ့ပါသည်။ ယခုစေတီတော်တည်ဆောက်ရာတွင် ကျေးရွာရှိဒေသခံများ၏ ပန်းရံလုပ်အားကျန်ရှိသည့်လုပ်အားများကို အလှူဒါနဖြင့်ဘုန်းလုပ်ကိုင်လျက်ရှိရာ ဆက်လက်၍ အလှူရှင်များအနေဖြင့်လှူဒါန်းလိုပါက ဒကာ့ဆရာတော် ဘဒ္ဒန္တအာစာရ ဖုန်း-၀၆၇-၂၁၉၀၁၉၊ အောင်ဇေယျာရာမကျောင်းဆရာတော် ဘဒ္ဒန္တကုသလ ဖုန်း-၀၉-၂၅၀၁၆၅၂၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃) မင်းဘူးမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ ပေါ်လမ်း၏ လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ အုပ်စုအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)၊ မင်းဘူးမြို့တွင် ၂-၆-၂၀၁၄ရက်မှ ၁၁-၆-၂၀၁၄ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၁၃-၆-၂၀၁၄ရက် နံနက် ၉း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၃-၆-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)၊ မင်းဘူးမြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉-၆၅၆၁၀၁၆၄၊ ၀၉-၄၀၁၅၅၃၄၁၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁/၄၃၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ဂ/၂၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၉၈၆၃၊ 18E/9863 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၉၄၈၈ Mitsubishi Pajero V.75 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းသက်ဝေဦး ၁၂/ဥကတ(နိုင်)၁၇၅၂၉၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသားကိုယ်တိုင်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၀၃၈၅ Toyota Hilux YN 85 P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီမြင့် ၉/ပဥလ(နိုင်)၀၅၉၀၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံသားအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၁၃၅၈၊ 8H/1358 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ယခုဘဏ္ဍာနှစ်တွင် ဟားခါးမြို့ မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ဟားခါး မေ ၂၈

ချင်းပြည်နယ် ဟားခါးမြို့ကို ယခုဘဏ္ဍာနှစ် ၂၀၁၄-၂၀၁၅တွင် မဟာဓာတ်အားလိုင်းမှ မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့များအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဟားခါးမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

"ချင်းပြည်နယ်တစ်ခုလုံးမှာ ကျေးရွာပေါင်း ၁၃၀၀ ကျော်ရှိပါတယ်။ ကျေးရွာ ၃၀၀ လောက်ပဲ မီးလင်းနိုင်သေးတယ်၊ လျှပ်စစ်မီးကို အလင်းရောင်ရအောင်ပဲ အသုံးပြုနိုင်တဲ့ ကျေးရွာတွေရှိသလို ဟင်းချက်၊ထမင်းချက်ပါအသုံးပြုလို့ရတဲ့ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးတွေလည်းရှိပါတယ်။ ယခုတော့ ကျေးရွာမီးလင်းရေးတွေက ပျက်စီးစပြုလာတယ်၊ ဒီလိုပျက်စီးစပြုလာတဲ့အပေါ် လွှတ်တော်မှာ ကူညီဖို့တင်ပြတဲ့အခါမှာ ရရှိပြီးသား ကျေးရွာတွေကို ထောက်ပံ့နေမယ့်အစား လုံးဝမရသေးတဲ့ ကျေးရွာတွေမှာ လျှပ်စစ်မီးရရှိဖို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆို ပိုပြီးကောင်းပါတယ်"ဟု ဖြေကြားထားကြောင်း ဆက်လက်ပြောပြသည်။

ဟားခါးမြို့**(ယာပုံ)**ကို လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် မြို့နှင့် ၁၈ မိုင် ခန့်ဝေးသော လိုင်ဗားဆည်မှ ၃၀၀ ကီလိုဝပ်နှစ်လုံး ၆၀၀ ကီလိုဝပ်ဖြင့် ဟားခါးမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့၊ ဌာနဆိုင်ရာ၊ ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ သုံးရွာတို့ကို လျှပ်စစ်မီးပေးလျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်မီးသာရမယ်ဆိုရင် ဆင်းရဲမှုလျှော့ချရေးကိုလည်း အထောက်အကူပြုမယ်၊ ဆင်းရဲမှုလျှော့ချရေးမှာလျှပ်စစ်မီးက အဓိကအခန်းကဏ္ဍက ပါဝင်ပါတယ်။ ချင်းပြည်နယ်ကို ဆင်းရဲမှုလျှော့ချချင်တယ်ဆိုရင် လျှပ်စစ်မီးရမှဖြစ်လို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျေးရွာတစ်ထောင်ကျော်ကို လျှပ်စစ်မီးပေးနိုင်ဖို့ စီစဉ်နေပါတယ်"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ဆက်လက်ပြောပြသည်။

သျှင်နေမင်း

ကျေးလက်နေပြည်သူများ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းဖောက်လုပ်

ကလေး မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးမြို့နယ် ရေရှင်ကျေးရွာသည် မြစ်သာမြစ်၏ အရှေ့ဘက်ခြမ်းတွင်ရှိပြီး အိမ်ခြေ ၃၁၁ လုံး၊ လူဦးရေ ၁၂၆၅ ဦး နေထိုင်ကြပြီး လယ်ဧက ၃၃၃ ဧက စိုက်ပျိုးလုပ်ကိုင်ကြကာ လမ်းပန်းဆက်သွယ်ရေးအတွက် ရေရှင်ကျေးရွာမှ မကွေးတိုင်းဒေသကြီး ဟံသာဝတီကျေးရွာကို ဖြတ်လျက် ကြံသာကျေးရွာသို့ ၉/၀ မိုင်ခန့် ကွေ့ပတ်ပြီးမှ ကလေးမြို့သို့ သွားလာခဲ့ကြသည်။

ယခုအခါ ကျေးရွာနေပြည်သူများ၏ ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် မြစ်သာမြစ်ကို ဖြတ်ကူး၍ ရေရှင်-ကြံသာ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် သုံးမိုင် လေးဖာလုံ၊ အကျယ် ပေ၂၀ ဖြင့် အမာခံသဲကျောက်ခင်းလမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။

ရေရှင်-ကြံသာ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းအားဖြင့် မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ ရေရှင်ကျေးရွာနှင့် လယ်ကြားကျေးရွာရှိ ကျေးလက်နေပြည်သူတို့အတွက် ကလေးမြို့သို့ ဆက်သွယ်သွားလာရာတွင် ၅ မိုင် ၄ ဖာလုံ ပိုမိုသက်သာလာသည့်အတွက် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် များစွာအကျိုးပြုလာတော့မည်ဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးဘသောင်းကြည်က ပြောသည်။ အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်မှုအား အမြန်ပြီးစီးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်ချက်အရ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်အတူ ကွင်းဆင်းကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ဂျူနိုင်း

သတင်းတို

ဒလမြို့နယ်တွင် စက်တပ်သမ္ဗန်စီး ခရီးသည်များ သက်ကယ်အင်္ကျီများဝတ်ဆင်ရေး ပညာပေးနှိုးဆော်

မိုးကြိုကာလတွင် ရုတ်တရက် လေပြင်းတိုက်၊ လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ခရီးသည်များ အသက်အန္တရာယ်လုံခြုံစေရေးအတွက် ဒလမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ကျော်သူအောင်နှင့် သန္ဓေမီးသတ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့သည် မေ ၂၄ ရက် နံနက် ၉ နာရီကစ၍ ကမာကဆစ်၊ စက်မြေ၊ ကမာကသွယ်၊ ဗိုလ်ရန်ပြေရပ်ကွက်များရှိ စက်တပ်သမ္ဗန်ရေယာဉ်ဆိပ်များ၌ ရေယာဉ်မောင်းများနှင့် ရေယာဉ်စီး ခရီးသွားပြည်သူများ သက်ကယ်အင်္ကျီ (Life Jacket) များ ဝတ်ဆင်ရေးပညာပေးနှိုးဆော်ကာ ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စက်တပ်သမ္ဗန် ရေယာဉ်ဆိပ်များတွင် Life Jacket ဝတ်စုံအသစ်များ လဲလှယ်ထားပြီးဖြစ်ကြောင်း၊ ရေယာဉ်တစ်စင်းလျှင် ခရီးသည် ၁၀ ဦး တင်ဆောင်ခဲ့ကြောင်းနှင့် ရေယာဉ်ဂိတ်မှူးများက ခရီးသွားပြည်သူများ သက်ကယ်အင်္ကျီဝတ်စုံ ဝတ်ဆင်ရေးအတွက် အမြဲကြပ်မတ်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

သန်းဌွေး(ဒလ)

ရတနာမဉ္ဇူမေမ္မရိပ်သာ
တတိယအကြိမ်မြောက် ဝါတွင်းကာလ ရက်ပေါင်း(၉၀) တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၂ လမ်း၊ ရတနာမဉ္ဇူမေမ္မရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာ သက်ကြီး ဝိပဿနာရှုနည်းဖြင့် ရတနာမဉ္ဇူမေမ္မရိပ်သာ ပဓာနနာယကဆရာတော် လယ်တီကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ဝါတွင်းသုံးလ (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့) ၁၁-၇-၂၀၁၄ ရက်မှ ၈-၁၀-၂၀၁၄ ရက်အထိ ရက်(၉၀)တရားစခန်းပွဲကြီးကျင်းပပါမည်။ ဝါဆိုသံဃာတော်များ လက်ခံပါမည်။

တရားစခန်းပွဲဝင်ရောက်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီများ ဝင်ရောက်အားထုတ်နိုင်ပါသည်။ အနည်းဆုံး ၁၀ ရက် ဝင်နိုင်ရမည်။ အကြောင်းညီညွတ်လျှင် ပြန်ဝင်နိုင်မည်။ ရက်ပေါင်း (၉၀)အတွင်း မိမိတို့အားလပ်သည့်ရက်တွင် မိမိတို့စွမ်းအားရှိသည့်အလျောက် အချိန်အခါရက်မရွေး လာရောက်အားထုတ်နိုင်ပါသည်။ မိမိတို့အသုံးအဆောင်၊ ဆေးဝါး၊ အိပ်ရာလိပ်၊ အမျိုးသားမှတ်ပုံတင်တို့ ယူဆောင်လာရပါမည်။ ၁၁-၇-၂၀၁၄ ရက် ဝါဆိုလပြည့်နေ့ ညနေ ၄ နာရီအရောက် လာရပါမည်။ မရှင်းလင်းပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။ အရဏ်-၂၀၀၀ဝိ/၊ နေ့ဆွမ်း-၃၅၀၀ဝိ/၊ ညနေ အအေး-၅၀၀ဝိ/၊ တစ်နေ့တာ-၆၀၀၀ဝိ/- လှူဒါန်းနိုင်ပါသည်။

အကျိုးဆောင်အဖွဲ့
ရတနာမဉ္ဇူမေမ္မရိပ်သာ၊ သမိုင်း ၂ လမ်း၊ (၁)ရပ်ကွက်
ဖုန်း-၀၁-၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၄၉၂၄၅၇၉၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၅၆၅၇ Myanmar Station Wagon MSW-3 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုး ၁၃/ကခန(နိုင်)၀၀၁၉၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့

နေပြည်တော်အခွန်ဦးစီးဌာနမှူးရုံး
နေပြည်တော်ကောင်စီနယ်မြေ တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နေပြည်တော်အခွန်ဦးစီးဌာနမှူးရုံး ပေ(၅၀×၃၀)၊ သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၃၀-၅-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်အခွန်ဦးစီးဌာနမှူးရုံး၊ နေပြည်တော်ကောင်စီနယ်မြေတွင် ရောင်းချမည်ဖြစ်ပြီး ၁၆-၆-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

ဖုန်း-၀၆၇-၅၅၀၁၆၈
လျှောက်လွှာတစ်စုံ - ၃၀၀ဝိ/-

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)၏
လစဉ် ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏ တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁-၆-၂၀၁၄ရက်မှ ၉-၆-၂၀၁၄ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်
(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၃၉အထူး၊ ၁၇၆ ဂိတ်ဆုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/7719 Hino RJ 17z Bus(4x2) (R) ယာဉ်လက်ဝယ်ရှိသူ Kanbawza Pathzinder Industries Limited က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးခွဲရုံး(ရွာသာကြီး)၊ ရန်ကုန်မြို့

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲပင့်လျှောက်ဖိတ်ကြားခြင်း

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ နတ်မောက်နွယ်ဖွား ခြောက်ထပ်ကြီး သိင်္ဂီဦးကျောင်းဆရာတော်ကြီး ဘဒ္ဒန္တနန္ဒောဘာသအား နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)မှ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို (၁၃၇၆ ခုနှစ် နယုန်လဆန်း ၃ ရက်) ၃၁-၅-၂၀၁၄ ရက် (စနေနေ့)တွင် မြောက်ဥက္ကလာပမြို့နယ် ပရွက်ဆိပ်ကုန်းရပ်ကွက် သီရိမဏ္ဍိုင်နတ်မောက်ကျောင်း၌ နံနက် ၉ နာရီတွင် စတင်ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါ၍ နတ်မောက်နွယ်ဖွား ရန်ကုန်ရောက် ကျောင်းထိုင်ဆရာတော်များနှင့် နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)အသင်းသား အသင်းသူများအားလုံး တက်ရောက်ကြည်ညိုပူဇော်နိုင်ရန် အသိပေးပင့်လျှောက်ဖိတ်ကြားအပ်ပါသည်။

ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အကျိုးတော်ဆောင်များ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၂၊ ရွှေလီလမ်းမအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစား အမည်ပေါက်ပိုင်ဆိုင်သူဦးသန်းထွန်း ISN-၅၃၉၀၅၅ မြေကွက်ကို ကျွန်တော်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြကြည် B.A, R.L
တရားလွှတ်တော်ရှေ့နေ (၃၉၃၇)
အမှတ် ၁၂၇/၁၄ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၀၁၅၂၅၈၃၀

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်သူများအား မှုခင်းအသိပညာပေး

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ကြောင်းများအတွင်း သွားလာနေသော သင်္ဘောများ၊ ရေယာဉ်များပေါ်သို့ အုပ်စုဖွဲ့၍ တက်ရောက်ပြီး ပစ္စည်းများအား လုယက်ခြင်းနှင့် ခိုးယူခြင်းများ မဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့အနေဖြင့် မြစ်ကြောင်းအတွင်းပြေးဆွဲလုပ်ကိုင်လျက်ရှိသော ရေယာဉ်လုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများအားတွေ့ဆုံကာ မှုခင်းအသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ချက်များအတွင်း ကော့မှူးမြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် သခွတ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှ ကမာကလုတ်နယ်မြေရဲစခန်းမှူးနှင့်အဖွဲ့သည် ဖွဲ့ပါကုန်းတန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ တော်လန်းရဲကင်းစခန်းမှူးနှင့်အဖွဲ့သည် တော်ကေးကျေးရွာနှင့် တော်ကဆော့ကျေးရွာတို့၏ အုပ်ချုပ်ရေးမှူးနေအိမ်များတွင်လည်းကောင်း၊ ဒလမြို့နယ်ရဲတပ်ဖွဲ့မှ ပျော်ဘွယ်ကြီး နယ်မြေရဲစခန်းမှူးနှင့်အဖွဲ့သည် ညောင်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်နှင့် ခနုတ်စံပြကျေးရွာ ဘုရားတန်ဆောင်းတွင် ရပ်မိရပ်ဖများအား လည်းကောင်း တွေ့ဆုံကာ မြစ်ကြောင်းများအတွင်း သွားလာနေကြသော သင်္ဘောများနှင့် ရေယာဉ်များပေါ်သို့ အုပ်စုဖွဲ့၍ တက်ရောက်ပြီး ပစ္စည်းများအား လုယက်ခြင်းနှင့် ခိုးယူခြင်းများမဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မေ ၂၆ ရက်က ထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း(SP)

မိုးညှင်း၌ အရှည်ဆုံးသံကူကွန်ကရစ် ကိုယ့်အားကိုယ်ကိုး နန့်စော်လော်တံတား တည်ဆောက်ပြီးစီး

မိုးညှင်း မေ ၂၈

မေ ၂၅ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အုန်းက"ဒီတံတားကို ဥစ္စာရင်လို၊ ဥစ္စာရင်ခဲ ကိုယ့်အားကိုယ်ကိုး စတင်တည်ဆောက်ခဲ့တာပါ။ လမ်းတံတားတည်ဆောက်ပေးရတဲ့အတွက် ယခုဘဝနဲ့ နောင်ဘဝတွေအတွက်ပါ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ဝမ်းမြောက်ဂုဏ်ယူစကား ထုတ်ဖော်ပြောကြားခဲ့သည်။

မိုးညှင်းမြို့နယ် နန့်စော်လော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းမြင့်ကလည်း "ဒီတံတားဟာ အစိုးရနဲ့ပြည်သူ ပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့တဲ့ အရှည်ဆုံး သံကူကွန်ကရစ်တံတားဖြစ်ပါတယ်။ ကျေးရွာလူထုရဲ့ စည်းလုံးညီညွတ်မှု သက်သေပြယုဂ်လည်းဖြစ်ပါတယ်။ မိမိလက်ထက်မှာ တံတားကြီးပြီးမြောက်သွားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေ အပါအဝင် အစိုးရနဲ့ ဒေသခံပြည်သူတွေကို ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်"ဟု ဝမ်းသာပီတိစကား ပြောကြားသည်။

မိုးညှင်းမြို့နယ် နန့်စော်လော်ကျေးရွာအုပ်စုသည် တစ်ရွာတည်းကို တစ်အုပ်စုအဖြစ် ဖွဲ့စည်းထားသော ကျေးရွာဖြစ်ပြီး အိမ်ခြေ ၃၄၀ ရှိကာ လူဦးရေ ၁၇၆၈ ဦး ရှိကြောင်း သိရသည်။ အဆိုပါ တံတားသည် သံကူကွန်ကရစ်တံတားဖြစ်ပြီး အရှည် ပေ ၄၈၀၊ အကျယ် ၁၅ ပေနှင့် အမြင့် ၁၈ ပေရှိသည်။ အဆိုပါတံတားကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၄၅၀ အပါအဝင် ကျေးလက်ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၂၀ စုစုပေါင်း ငွေကျပ်သိန်း ၇၇၀ အကုန်အကျခံပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ယခင်က နန့်စော်လော်ကျေးရွာမှ နန်းမားကျေးရွာ၊ ထိုမှတစ်ဆင့် မိုးညှင်း-ဟိုပင်မြို့သို့ သွားရောက်လိုပါက နမ့်ယင်းချောင်းကို ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာရပြီး ယခုအခါ တံတားတည်ဆောက် ပြီးစီးသွားပြီဖြစ်၍ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုစီးပွား လုပ်ငန်းများအတွက် အဆင်ပြေချောမွေ့သွားပြီ ဖြစ်ကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

ကျေးရွာ(၂၄)ရွာ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမည်

ကျောက်ပန်းတောင်း မေ ၂၈

ကျေးလက်နေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တူးဖော်ပြင်ဆင်ဆောင်ရွက်ပြီးစီးခဲ့သော ရေတွင်း ရေကန်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံပင်ကျေးရွာအုပ်စု လက်ပံပင်ရွာ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်း၊ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဌေးဦး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆန်း၊ မြေစာရင်းဦးစီးဌာနတိုင်းဦးစီးမှူး၊ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်စီမံ/အထောက်အကူပြု ကော်မတီများ၊ စည်ပင်သာယာ ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းကြီးကြပ်မှုကော်မတီများ၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်းက ယခုနှစ် တူးဖော်ပြင်ဆင်ပြီးစီးခဲ့သည့် ရေတွင်း/ရေကန်များအား ဒေသခံပြည်သူများမှ မိမိတို့ဒေသလိုအပ်ချက်ကို ရေရှည်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့ကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်းနှင့် လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးလက်ရေရရှိရေးအတွက် တွင်းနက် ၁၅ တွင်း၊ တွင်းတိမ်နှစ်တွင်း၊ မြေသားကန် နှစ်ကန်၊ စိမ့်စမ်းနှစ်တွင်းနှင့် ပြုပြင်ရန်လိုအပ်သည့် ရေကန်သုံးကန်တို့ကို ကျေးရွာ(၂၄)ရွာတွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ ယင်းနောက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် တူးဖော်ပြီးဖြစ်သည့် ဆည်ကန်များနှင့် စက်ရေတွင်းလွှဲပြောင်းပေးအပ်လွှာများကို၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများကပေးအပ်ကြရာ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။ ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးက ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေအောင်(ပြန်/ဆက်)

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အားကစားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် လုပ်ငန်းများဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မြန်အောင်မြို့နယ် အားကစားခန်းမပြင်ဆင်ခြင်းလုပ်ငန်း
(ခ) ကန်ကြီးထောင့်မြို့နယ် အားကစားခန်းမအသစ်တည်ဆောက်ခြင်းလုပ်ငန်း ပေ(၉၀×၁၂၀)
(ဂ) ညောင်တုန်းမြို့နယ်အားကစားကွင်း ပွဲကြည့်စင်အသစ်တည်ဆောက်ခြင်းလုပ်ငန်း ပေ(၁၀၀×၂၀×၁၄)
(ဃ) ဇလွန်မြို့နယ် အားကစားကွင်း အဆင့်မြှင့်တင်ခြင်း၊ မြေသားပြုပြင်ခြင်း၊ အတွင်းရေစစ်မြောင်း ပေ ၃၃၀နှင့် ရေနုတ်မြောင်းများ တည်ဆောက်ခြင်း။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂-၆-၂၀၁၄ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှ ၁၆-၆-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ရုံးဖုန်း-၀၄၂-၂၄၃၀၂နှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၅၂၀၂၆၉၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုသိမ်မြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တိုင်းဒေသကြီးရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြည်တော်သာဝန်ထမ်းအိမ်ရာဝင်းတွင် ကွန်ကရစ်လမ်းခင်းခြင်း (၁၀ပေအကျယ်၊ ၆လက်မထု၊ ၈၆၀ပေအရှည်)
(ခ) ပြည်တော်သာဝန်ထမ်းအိမ်ရာဝင်းတွင် လေးခန်းတွဲသုံးထပ်တစ်လုံး ဆောက်လုပ်ခြင်း
(ဂ) တိုင်းဒေသကြီးဦးစီးမှူးရုံး တစ်ထပ်အဆောက်အအုံဆောက်လုပ်ခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၁၆-၆-၂၀၁၄ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးတင်သွင်းသွားရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပုသိမ်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး(တောင်ပိုင်း) ဖုန်း-၀၄၂-၂၃၇၇၄၊ ၀၄၂-၂၁၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ၁၊ လူနေရပ်ကွက်အမှတ်၊ မြေကွက်အမှတ် ၇၆/က၊ ဧရိယာ ၀ဒသမ၂၃၆ဧက၊ နှစ် ၆၀ဂရန်မြေ အမျိုးအစား မြေပေါ်ရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ ၃လမ်း၊ အမှတ် ၇၂/က ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးရွှေသော် ၁၂/ရကန(နိုင်)၀၆၅၇၉၁ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး (စဥ်-၃၂၃၃၅) **ဦးသန့်ဇော် (စဥ်-၇၃၄၁)**
အထက်တန်းရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်မှန်

ဦးအောင်မိုး ၉/နထက(နိုင်)၀၃၄၂၂၃ ၏သား ဖားကန့် အထက ဆဋ္ဌမတန်းမှ မောင်ဇင်မင်းထက်၏ အမည်မှန်မှာ သန်းခေါင်စာရင်းအရ မောင်ဇင်မင်းမြတ် ဖြစ်ပါကြောင်း။ **မောင်ဇင်မင်းမြတ်**

ဖခင်အမည်မှန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အထက (ခွဲ) နာနတ်တော သတ္တမတန်း(ခ) မှ မမီးမီးခဲ၏ ဖခင်အမည်မှန်မှာ ဦးမီးစပါ ဖြစ်ပါကြောင်း။

ဦးမီးစပါ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၉၆၉/ခ)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ မြေအကျယ်(ပေ၂၀.၉'×၅၈')ရှိ နှစ်၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၉၆၉/ခ)၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက်များဖြစ်ကြသော ဒေါ်မြင့်မြင့်မော်၁၂/လသန(နိုင်)၀၀၂၃၃၇နှင့် ဒေါ်မြင့်မြင့်အေး ၁၂/ကတတ(နိုင်)၀၂၄၉၂၉ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း(စဥ်-၃၆၁၉) **ဒေါ်ခင်အေးမြင့် (စဥ်-၇၁၅၈)**
H.G.P, LL.B.,LL.M **LL.B., LL.M**
Diploma in Business Law, Advocate **Diploma in Business Law, Advocate**
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၄)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၁၁၂၅/ခတွင် နေထိုင်သူ ဒေါ်ခင်အုန်း ၁၂/လမန(နိုင်)၀၅၆၅၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်အနေဖြင့် ဦးချက်ကြီး(ခ)ဦးချစ်ဟန်နှင့် ဒေါ်ကျင်မြိုင်တို့မှ မွေးစားခဲ့ပြီး မွေးစားမိဘများ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် ၅၄ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၁၁၂၄/က၊ အမှတ် ၁၁၂၄/ခ၊ အမှတ် ၁၁၂၅/ခ နှင့် ဆိုက်ကားနှစ်စီးတို့အား ကျွန်ုပ်အမှုသည် သိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းမပြုပါရန်နှင့် ပြုလုပ်ခဲ့ပါလျှင် ဥပဒေနှင့်အညီ တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်အောင် LL.B အထက်တန်းရှေ့နေ (စဥ်-၂၂၃၀)
အမှတ် ၈၂၄/ခ၊ ဇီဇဝါ ၃လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၁၃၃၉၆၇

မှုခင်းသတင်းနှင့်ကြော်ငြာ

လွိုင်လင်၌တရားမဝင်သယ်ဆောင်လာသော ဆိတ်အကောင် ၅၁၀ ဖမ်းမိ

လွိုင်လင် မေ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့တွင် မေ ၂၃ ရက် ညနေ ၃နာရီက လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော် ဦးဆောင်၍ ဌာနဆိုင်ရာများ ပါဝင်သည့် MOBILE TEAM အဖွဲ့သည် လွိုင်လင်မြို့မှအထွက် တောင်ကြီးဂိတ်တွင် စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် တောင်ကြီးဘက်မှ လွိုင်လင်သို့ မောင်းလာသော ၁၂ဘီးယာဉ် နှစ်စီးအားစစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသော ဆိတ်ကောင်ရေ ၅၁၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ Mobile Team အဖွဲ့သည် မေ ၂၃ ရက်က စစ်ဆေးမှုများ ပြုလုပ်နေစဉ် တောင်ကြီးဘက်မှ ယာဉ်မောင်း ဇော်မင်းထွေးနှင့် ယာဉ်မောင်း အောင်ထွေးမင်းတို့ မောင်းနှင်လာသည့် ၁၂ ဘီးယာဉ် နှစ်စီးပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ဆိတ်ကောင်ရေ ၅၁၀ကို စိစစ်တွေ့ရှိရပြီး လွိုင်လင်ဘောလုံးကွင်းတွင် စနစ်တကျ ထိန်းသိမ်းထားကာ သက်ဆိုင်ရာရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရဲစခန်းမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

မလာကာမြို့တွင် မြန်မာအချင်းချင်း ခိုက်ရန်ဖြစ်ပွား တစ်ဦးသေဆုံး

မလာကာ မေ ၂၈

မလေးရှားနိုင်ငံ မလာကာမြို့၌ မြန်မာနိုင်ငံသားတစ်ဦး ငှားရမ်းနေထိုင်သောအိမ်အနီးတွင် မေ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီဝန်းကျင်က မြန်မာအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းကြောင့် မြန်မာအမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်းဖြင့် မလေးရှားနိုင်ငံ ရုပ်သံသတင်းဌာန တစ်ခုဖြစ်သည့် TV7 က ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အရ သေဆုံးသွားသော မြန်မာအမျိုးသား၏ ရုပ်အလောင်းဘေးတွင် ရှိနေသော ၄င်း၏အိုင်တီကတ်ပြားကို သက်ဆိုင်ရာရဲဌာနမှ ထုတ်ယူကြည့်ရာ နေမျိုးဝင်းဖြစ်ကြောင်း၊ အဆိုပါကတ်ပြားတွင် အသက်(၂၅ နှစ်)ဟု ဖော်ပြထားကြောင်း၊ ၄င်းအလုပ် လုပ်ကိုင်သည့်နေရာမှာ Bandar Hilir ရှိ နိုက်ကလပ်တစ်ခုမှဖြစ်ကြောင်း ရုပ်သံသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့အပြင် ခိုက်ရန်ဖြစ်ပွားမှုမတိုင်မီ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ထိုးနှက်တိုက်ခိုက်ခဲ့ကြကြောင်း၊ နှစ်ဦးနှစ်ဖက် ဒဏ်ရာအပြင်းအထန် ရရှိကြကြောင်း၊ သေဆုံးလျက်တွေ့ရှိရသော နေမျိုးဝင်း၏ ရုပ်အလောင်းဘေးတွင် သံသေတ္တာထောင့်အချွန် တွေ့ရှိခဲ့ရကြောင်းဖြင့် သိရသည်။ မှုခင်းရဲတပ်ဖွဲ့၏ ထင်မြင်ချက်အရ နေမျိုးဝင်းသည် ၄င်းအလုပ်မှအပြန် အိမ်သို့ လမ်းလျှောက်ပြန်ချိန်တွင် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခံရဖွယ်ရှိပြီး ယင်းရက် နံနက် ၅ နာရီ မိနစ် ၄၀ ဝန်းကျင်က ပြင်းထန်စွာ ဒဏ်ရာရရှိကာ လမ်း၌ပင်သေဆုံးသွားနိုင်ဖွယ်ဖြစ်ကြောင်းနှင့် အဆိုပါ သေဆုံးမှုဖြစ်စဉ်ကို မြန်ဆန်စွာ စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဟု မှုခင်းရဲအရာရှိမှလည်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း ရုပ်သံသတင်းဌာနက ဖော်ပြခဲ့သည်။

စိုးဝင်း(SP)

ဗန်းမော်၌ မီးကြွင်းမီးကျန်မှ အိမ် ၂၂လုံးမီးလောင်

ဗန်းမော် မေ ၂၈

ပူးပြင်းခြောက်သွေ့သောရာသီတွင် မီးမလောင်ရေးအတွက် မီးဘေးလုံခြုံရေးစောင့်ရှောက်ရေးအဖွဲ့မှ နေ့စဉ်ဆောင်ရွက်နေစဉ် မေ ၂၆ ရက် နံနက် ၂ နာရီက လုံခြုံရေးအဖွဲ့များ နားချိန်တွင် နံနက် ၃ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် နောင်ကန်အုပ်စု နောင်ကွတ်ကျေးရွာ ဒေါ်မယ်ညွန့်(၈၃ နှစ်)နှင့် ခြောက်နှစ်ရှိ မြေး မအိထွေးတို့ အိပ်နေစဉ် ထမင်းချက်ခန်းရှိ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၂၂ လုံး မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တာဝန်ခံနှင့် မံစီရဲစခန်းမှ စခန်းမှူးတို့ သွားရောက်ပြီး မီးဘေးသင့်ပြည်သူများကို တွေ့ဆုံကာ ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းဆောင်များတွင် ယာယီနေရာများချထားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသား ၇၇ ဦး၊ အမျိုးသမီး ၈၁ ဦး စုစုပေါင်း ၁၅၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

ကျော်ထူး

မှုခင်းသတင်းများ

တောင်ကြီး၌ ပေါ့ဆမှုကြောင့် မီးလောင်

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက် နယ်မြေ(၈) တောင်လှေကားလမ်း အိမ်အမှတ်(၇/၂၉၃) ဦးတင်ဝင်း ပိုင်ဆိုင်သော ပျဉ်ကာခင်း၊ သွပ်မိုး နှစ်ထပ်အိမ်၌ အိမ်ငှား မနွယ်နွယ်ဦး ငှားရမ်းနေထိုင်သော နေအိမ်အောက်ထပ်တွင် မေ ၂၆ ရက် နံနက် ၉ နာရီခွဲက ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ ဖယောင်းတိုင်လဲ၍ စတင်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးအောင်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများနှင့် မီးသတ်ယာဉ် လေးစီးဖြင့် မီးကိုဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါ မီးကိုပေါ့ဆစွာသုံးစွဲသူ မနွယ်နွယ်ဦးကို တောင်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဆေးမှုတ်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် စည်ပင်ဝင်းအတွင်း ဖွင့်လှစ်ထားသော ကိုဇော်မျိုးကားဘော်ဒီရုံတွင် ဆေးမှုတ်လုပ်သားတစ်ဦး ဓာတ်လိုက်ခံရ၍ သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် စည်ပင်ဝင်းရှိ ကိုဇော်မျိုး၏ ကားဝပ်ရှော့တွင် ဆေးမှုတ်လုပ်သား ဖိုးဇော် (၁၈ နှစ်)သည် မေ ၂၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ကားဘော်ဒီ ဝရိန်ဆော်ရန် ပလပ်ထိုးရာမှ ဓာတ်လိုက်ခံရသဖြင့် အင်းစိန်ဆေးရုံသို့ပို့ဆောင်ရာ ဆေးရုံ၌ ညနေ ၄ နာရီတွင် သေဆုံးသွားသဖြင့် အမှုဖွင့်လှစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦးအင်းစိန်

သံဖြူဇရပ်တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်မြို့နယ် သစ်တောဦးစီးဌာနမှဝန်ထမ်းများပါဝင်သည့်အဖွဲ့သည် မေ ၂၅ ရက် ည ၁၀နာရီခွဲက သံဖြူဇရပ်မြို့နယ် ပငကျေးရွာ ကော့ထော်ပိုင်း အောင်ဆန်းလမ်းရှိ ဟန်သိန်း(၃၅နှစ်)၏နေအိမ်ရှေ့၌ ရပ်တန့်ထားသည့် နစ်ဆန်းယူဒီအမျိုးအစား ယာဉ်အမှတ် 2G/----၁၂ ဘီးယာဉ်ပေါ်တွင် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် စိတ်ကြိုက်လမ်းနေ မွန်စိုးအောင် (၃၃နှစ်)ပိုင် တရားမဝင် အခြားသားသစ် စကွဲယားတုံး ကိုးတန်ခန့်နှင့် နစ်ဆန်းယူဒီ အမျိုးအစား(လိုင်စင်စိစစ်ဆဲ) ခြောက်ဘီးယာဉ်တို့ပေါ်တွင် ဟန်သိန်းပိုင် တရားမဝင် အခြားသစ်ခွဲသား လေးတန် စုစုပေါင်း ၁၃ တန်ခန့် ကာလတန်ဖိုးစိစစ်ဆဲကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး အဆိုပါ ယာဉ်နှင့်သစ်များကို သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာနတွင် ထိန်းသိမ်းထားရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်သစ်တောဦးစီးဌာနက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လ/၀၁၂)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ယခင်/မြောက်ပိုင်း)(ယခု/အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀(တိုးချဲ့)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ် ၁၂၊ ဧရိယာ ၀ ဒသမ ၁၃၄၈ဧက အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်တို့ကို ဒေါ်မြင့်မြင့်ကြည် ၁၄/ကခန(နိုင်)၀၄၃၃၆၄ အမည်ပေါက်၍ ဒေါ်မြင့်မြင့်ကြည် ကိုယ်တိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဆန်နီ(ပျဉ်းမနား) အထက်တန်းရှေ့နေ(စဥ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင် ၅ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၅၃၈/က၊ ၅၃၈/ခ)၊ အကျယ်အဝန်းပေ(၂၀×၆၀) နှစ်ကွက်၊ မြေပို(၉)ပေမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၅၃၈)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သည် အဆိုပြုသူ ဒေါ်စန္ဒာသိန်း ၁၂/သကတ(နိုင်)၁၀၈၇၂၈ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၁၉-၅-၂၀၁၄ ရက်တွင် မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာလွင် LL.B အထက်တန်းရှေ့နေ
LIVING MYANMAR, Real Estats Services အတိုင်ပင်ခံရှေ့နေ
အမှတ် ၇၁၀၊ ၂၅လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်နံပါတ် ၇၊ အခန်းနံပါတ် ၃၄ ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုလာသူ ဒေါ်ခင်မျိုးဆွေ ၁၂/ရကန(နိုင်)၀၅၀၉၅၁ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်သန္တာငြိမ်း LL.B, D.B.L ဒေါ်မော်မော်မြင့် LL.B,D.B.L
အထက်တန်းရှေ့နေများ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဘဏ္ဍာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၆၄၉၊ မြေအမျိုးအစား နှစ်(၆၀)ဂရန် မြေအကျယ်အဝန်း ၀ ဒသမ ၀၅၅ ဧကနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်းပေ(၄၀×၆၀)ရှိ သောတစ်ထပ်တိုက်အိမ်နှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၀၅၁၆၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများသည် ကျွန်ုပ်ထံသို့ ဤသတင်းစာကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလင်းဘုန်းမြတ် LL.B အထက်တန်းရှေ့နေ(စဥ်-၃၇၈၀၅)
အမှတ် ၁၅၈၊၁၆၈၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၀၅၇၅၈၂

ဒေါ်ရီရီအောင် ၁၂/ကမရ(နိုင်)၀၀၂၇၅၅နှင့်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ ၁ လမ်း၊ အမှတ် ၁၇၂ နေ ဦးမျိုးဝင်းထွန်း ၁၂/ဒဂမ(နိုင်)၀၀၅၄၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးဝင်းထွန်းနှင့် ဒေါ်ရီရီအောင်တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းလာခဲ့ရာ သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ရီရီအောင်သည် ၂၀၁၄ခုနှစ် ဧပြီ ၁၀ရက်တွင် ခွင့်မလွှတ်နိုင်သောလူမှုရေးကိစ္စကို ကျူးလွန်သွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ဒေါ်ရီရီအောင်နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးဝင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း(ဝါးခယ်မ) ဒေါ်ခင်စပယ်စိုး
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ် ၂၄၊ ခြောက်လွှာ၊ သမိန်ဗရမ်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် ၁၀၇+၁၀၈ အကျယ်အဝန်းပေ(၈၀×၆၀)ရှိ ဦးဝင်းနိုင်ဦး ၁၂/စခန(နိုင်)၀၀၅၂၃၀ အမည်ပေါက်ပါမစ်မြေ အမျိုးအစားမြေနှင့်တကွ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင် LL.B (စဥ်-၂၅၁၆၅) ဦးအေးမင်းသူ LL.B (စဥ်-၂၆၁၉၉)
ရီးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

စီးပွားရေးကြော်ငြာ

ဆရာကောင်းမှ တပည့်ကောင်းမည်

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

- **ပညာနှင့်နိုင်ငံတော်အကျိုး** ...
- **အခြေခံမူကြိုများ** ...
- **ကျောင်းမှန်မှန်တက် စာမေးပွဲ** ...
- **ပညာရည်ချွန်ဆု** ...
- **ဝိဇ္ဇာပညာသင်ဆု** ... ရန်ကုန်မြို့၂ကျောင်းအောင်နိုင်သည်

မြို့သစ် 118 A/B ကျွန်းတွဲမြို့နယ် VIP-1 ရပ်ကွက် သုဝဏ္ဏ Ph : 01-577605

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)

သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာနန်းတော်

အ.ထ.က

ကိုယ်ပိုင်အထက်တန်းကျောင်း အဆင့်မြင့်ဘော်ဒါ

အဆင့်မြင့်ဘော်ဒါ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း

ဇေတနာကောင်းမှ ပညာရေးကောင်းမည်

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

အတန်း	ကျောင်းချိန်	ကျောင်းလခ	ဝင်ကြေး
မူလတန်း	[illegible]	[illegible]	[illegible]
၅ တန်း	[illegible]	[illegible]	[illegible]
၆ တန်း	[illegible]	[illegible]	[illegible]
၇ တန်း	[illegible]	[illegible]	[illegible]
၈ တန်း	[illegible]	[illegible]	[illegible]
၉ တန်း	[illegible]	[illegible]	[illegible]
၁၀ တန်း	[illegible]	[illegible]	[illegible]

နှစ် ၅ ရက် ဖွင့်မည်

A-2, A-3 (တက်လမ်း) သံသုမာလမ်း သုဝဏ္ဏ ရန်ကုန်။ Ph : 09 4707 4649

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် L 18/ ၆၁၊ မြေကွက်အမှတ် ၁၈၀၆/၁၈၀၇၊ အလျားပေ ၈၀× ၆၀ ခန့် အကျယ်အဝန်းရှိ ဂီတစာဆို ဦးညွန့်ဝေ(ခ)ညွန့်လေးဦး AB-၀၀၅၂၂၄ အမည်ပေါက် မြေချပါမစ်မြေကွက်ကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသူရိန်လင်း ၁/မကတ(နိုင်)၀၅၀၄၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဆန်နီ (ပျဉ်းမနား) အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)

၁၀၃၇၊ သင်းဝင် ၅ လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊

ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

ကိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဆန်နီ(LL-B)	ဒေါ်ခင်စန္ဒာနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၁၈)	အထက်တန်းရှေ့နေ(စဉ်-၂၁၁)
Ph-09-731 70516	Ph-09-4200 73685

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ တုန်းဘောင်လမ်းသွယ်၊ မြေတိုင်းရပ်ကွက်-၁၀၈၊ မြေကွက်အမှတ်- ၂၆၄၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ပါမစ်မြေကွက်အပါအဝင် ယင်းမြေပေါ်ရှိ နေအိမ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို (LL.B, D.B.L) ဒေါ်သီတာအောင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible]) အထက်တန်းရှေ့နေ

အမှတ်-[illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - [illegible]

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ပျဉ်းမမြိုင် ၁ လမ်း၊ မြေကွက်အမှတ် ၂၉၉၊ အကျယ်အဝန်းအလျား ၅၆ပေ×အနံ ပေ၉၀မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(သို့) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဘိုဘိုရှေးအမည်ဖြင့် မှတ်သားတည်ရှိသော မြေပိုင်မြေအမျိုးအစားမြေကွက်ဖြစ်ပါသည်။ အထက်ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောမြေကွက်ကို ဦးဇော်ဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၁၅၇၈သည် မိမိဝယ်ယူ၍ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အတိအလင်းဝန်ခံကတိပြု၍ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အဲလီ ၁၃/တကန(နိုင်)၀၄၆၉၄၃ ထံမှ သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ယခုမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)	**ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**	**ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀)**
LL.B, C.B.L	**LL.B, LL.M**	**LL.B**
ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈)		**ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂)**
LL.B		**LL.B**

အထက်တန်းရှေ့နေများ

(ရွှေဟသ်ာအိမ်ခြံမြေ ဥပဒေအတိုင်ပင်ခံအကျိုးဆောင်)

အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆-အဆင့်မြင့်ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၃၁၅၅၇၀၆၈၊ ၀၉-၃၁၂၁၀၇၇၂

၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယရပ်ကွက်၊ ကာယ ၁၀ လမ်း၊ မြေကွက်အမှတ် ၈၃နေ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသည့် ဦးမောင်နု ၁၂/မဂဒ(နိုင်)၀၆၂၂၈၉ ပိုင် မြေအကျယ်အဝန်းအနက် တစ်စိတ်တစ်ဒေသကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူမေတ္တာလမ်းသွယ် ၂ လမ်း၊ အမှတ် ၇(A)နေ ဦးစံကြီး၏သမီးဖြစ်သူ ဒေါ်စန်းလှိုင် ၁၂/မဂဒ(နိုင်)၀၆၁၁၃၇က ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာ၍ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမော်၏သား ဦးကျော်သန်း ၁၂/မရက(နိုင်)၀၆၁၃၂၄က ဥပဒေဘောင်အတွင်းမှ ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်းအဝယ်ပြုမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသောသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များပြသ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သန်း ၁၂/မရက(နိုင်)၀၆၁၃၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ကြီး (အထက်တန်းရှေ့နေ-၃၇၀၂၉)

B.A(Eco), DA, DBL, DML,DIL,MA(Business Law P1), WIPO(Switzerland)

အမှတ် ၄၈၇၊ ဒူးယား ၄ လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/တောင်၊ မြေကွက်အမှတ် (၁၀၂၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၂၇/ခ)၊ မြင်တော်သာလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဗိုလ်ကြီးစန်းလွင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား ဒေါ်သန္တာထိုက်မှ သာကေတမြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ် ၂၃/၂၀၁၄ဖြင့် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီး အနိုင်ဒီကရီနှင့်ယင်းရုံး ဇာရီမှုအမှတ် ၂၈/၂၀၁၄ အရ တရားရုံးကိုယ်စား(ဘိလစ်) ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇ မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၁၇၂၊ မြေကွက်တည်နေရာအမှတ် ၁၇၂၊ ၃၄ရပ်ကွက်၊ ဒဂုံမြောက် ဦးအောင်သန်းAA -၀၆၆၃၅၂ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်းနှင့်ဇနီးဒေါ်ရွှေ ကွယ်လွန်သဖြင့် (၁)ဒေါ်လှလှဝင်း A/RGN-၁၀၂၆၀၂၊ (၂)ဦးမျိုးဆွေ ၁၂/လမန(နိုင်)၀၆၅၆၂၇၊ (၃) ဒေါ်စန်းစန်းကြည် ၁၂/ကမတ(နိုင်)၀၀၄၀၆၉၊ (၄) ဒေါ်ရီရီမြင့် ၁၂/ကမတ(နိုင်)၀၄၃၄၂၁၊ (၅)ဒေါ်မြင့်မြင့်ဆွေ ၁၂/ကမတ(နိုင်)၀၀၄၉၆၅၊ (၆)ဦးခင်မောင်ဆွေ၁၂/ကမတ(နိုင်)၀၀၄၉၆၆၊ (၇)ဒေါ်မြင့်မြင့်ဝင်း၁၂/ကမတ(နိုင်)၀၀၄၉၆၀ တို့က သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇ အရှေ့)၊မြေကွက်အမှတ် (၁၇၇A)၊ မြေကွက်တည်နေရာအမှတ် (၁၇၇/ခ)၊ အောင်သပြေအနောက်(၁)လမ်း၊ ၇ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန်ဝင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ကြည်ဝင်း ၁၂/သကတ(နိုင်)၀၅၈၂၅၀ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၆၅၉/ခ၊ မြေကွက်တည်နေရာအမှတ် ၆၅၉/ခ၊ ၁၉လမ်း၊ (၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်ခင်လှ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်လှအား တရားပြိုင်ထား၍ (တရားလို)ဒေါ်မြင့်မြင့်စိန်၊ ဦးသာအောင်တို့၏ တောင်ဥက္ကလာပမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၁၃/၁၄၊ ဇာရီမှုအမှတ် ၁၄/၁၄ တို့ကိုတင်ပြ၍ ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အရှေ့၊ မြေကွက်အမှတ် ၈၈/က၊ မြေကွက်တည်နေရာအမှတ် ၈၈/က၊ ခိုင်ရွှေဝါလမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အေးသိန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးသိန်း(မိခင်)၊ ဦးကျော်မြအောင်(ဖခင်)နှင့် သမီးတစ်ဦးဖြစ်သူ ဒေါ်ချိုချိုသည် (အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၀၇၉၈၁၇၊ (၂)ဦးတင်အေး ၁၂/သကတ(နိုင်)၁၀၄၄၁၇၊ (၃)ဒေါ်အေးအေးကျော် ၁၂/သကတ(နိုင်)၁၁၅၃၄၈၊ (၄)ဒေါ်သန်းသန်းဝင်း ၁၂/သကတ(နိုင်)၁၁၄၁၀၄တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ကို မြေပုံကူးလျှောက်ထားရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၁၉/ဃ-၄၊ မြေကွက်တည်နေရာအမှတ် ၂၀၊ ကင်မွန်းခြံ၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးမြိုင် အမည်ပေါက် မြေပိုင်မြေ(လ/န-၃၉)မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၆၆/၁၂.၁၉၉၅ ဖြင့် ဦးစောအောင်၊ ဒေါ်စိန်တင်၊ ဒေါ်အုန်းမေ၊ ဦးမြလှိုင်၊ ဒေါ်မြင့်မြင့်၊ ဒေါ်ကျင်ရွှေတို့မှ ပိုင်ဆိုင်ခဲ့ကြပြီး အမှားပြင်စာချုပ်အမှတ် ၂၁၀၀/၇-၅-၁၉၉၇ ဖြင့် စာချုပ်ချုပ်ဆို၍ စွန့်လွှတ်စာချုပ်-၂၁၀၇/၂၀-၅-၁၉၉၇ ဖြင့် ဦးမြလှိုင်အား စွန့်လွှတ်ခဲ့ရာ ဦးမြလှိုင် ၁၂/လမန(နိုင်)၀၈၆၁၅၂ က ဖော်ပြပါ စာချုပ်အဆက်စပ်များနှင့် အပိုင်ရောင်းစာချုပ်အမှတ် ၂၄၉/၄-၆-၁၉၅၄ ၏ မိတ္တူမှန်ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် ၁၆၆/၁-၂-၁၉၉၅ မိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၁၃(က)၊ အကျယ်အဝန်း(၂၀'×၆၀') နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၂၁၃/က၊ ၂၈လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမောင်တင် ၁၂/ဥကတ(နိုင်)၀၄၆၀၂၂ အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူ ဦးဌေးဝင်း ၁၂/ရကန(နိုင်)၀၄၆၀၂၁ ထံမှ ၂၇-၄-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ငွေချေကတိစာချုပ်အရ ဒေါ်ဆွေဇင်သိန်း ၇/ပတတ(နိုင်)၀၀၀၈၈၈ မှ ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆(ပထမထပ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၆လမ်း၊ တိုက်အမှတ် ၃၈/A(မြေညီထပ်)၊ လမ်းမဘက်မှ မျက်နှာမူလျှင်(ယာဘက်ခြမ်း)၊ တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးကြည်သိန်း ၁၂/ကမရ(နိုင်)၀၅၀၄၈၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ (မြောင်းမြ)	**ဦးဇေယျာထွန်း (စဉ်-၂၅၇၈၅)**
LL.B, A.G.T.I(EP), D.B.L,D.M.L	**LL.B, WIPO (SWITZERLAND)**
WIPO (SWITZERLAND)	
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)	**ဦးစိုးလွင်ဦး (စဉ်-၃၇၉၈၁)**
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး	**LL.B, WIPO (SWITZERLAND)**

အထက်တန်းရှေ့နေများ

အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

အများသိစေရန်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးအောင်ကြည် ၁၂/စခန(နိုင်)၀၀၄၉၆၂ အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊မြေကွက်အမှတ် ၂၁၅၊ ၄၂ ပေ × ပေ ၆၀၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဝယ်ယူသူ ဒေါ်မြရည်နန္ဒာ၏ကိုယ်စား [ဒေါ်ခင်ကျော့မောင် ၉/မခန(နိုင်)၁၉၆၃၇၅]ထံမှ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)	**ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**	**ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀)**
LL.B, C.B.L	**LL.B, LL.M**	**LL.B**
ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈)		**ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂)**
LL.B		**LL.B**

အထက်တန်းရှေ့နေများ

(ရွှေဟသ်ာအိမ်ခြံမြေ ဥပဒေအတိုင်ပင်ခံအကျိုးဆောင်)

အမှတ် ၈၆၄၊ ပင်လုံလမ်း၊ ၃၆-အဆင့်မြင့်ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၃၁၅၅၇၀၆၈၊ ၀၉-၃၁၂၁၀၇၇၂

၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ် ၃၅၊ (2F)၊ အကျယ်အဝန်း(၃၂ပေ×၄၇ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးခင်ဇော် ၁၂/တတန(နိုင်)၀၆၈၄၆၅ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ၂၅-၅-၂၀၁၄ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်ရောင်းဝယ်ခြင်း စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဇာလွင် LL.B အထက်တန်းရှေ့နေ

LIVING MYANMAR

Real Estate Services အတိုင်ပင်ခံရှေ့နေ

အမှတ် ၇၁၀၊ ၂၅လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊

ဖုန်း-၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၁

မန်နေဂျာ — **နှင့်** — ၁။ ဦးသစ်
မြန်မာ့စီးပွားရေးဘဏ် — ၂။ ဒေါ်ညို
သာစည်မြို့။ — ဟံဇားကျေးရွာ၊ သာစည်မြို့နယ်
တရားနိုင် — **တရားရှုံးများ**

